# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကိလေသာမာရ် ကိုယ်တွင်းရန်

ရေတည်းဟူသော မိုးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲတွင် ဗိုလ်လောင်းများအား တစ်ဦးချင်း တွေ့ဆုံမေးမြန်းစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## ယနေ့ မာ တိ ကာ


**အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ**

ပြည်တွင်းသတင်း စာ ၉



**နိုင်ငံနဲ့ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်ဟာ ဆရာများရဲ့ ပခုံးပေါ်မှာပါ**

ဆောင်းပါး စာ ၁၆



# အရေအတွက်ရော အရည်အချင်းပါ မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် ၃၄ ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက သတင်းထုတ်ပြန်ကြေညာပေးလျက်ရှိသည်။ အခြေခံပညာအလယ်တန်းဆင့်( Grade 9)ပြီးမြောက်အောင်မြင်သည့် ကျောင်းသားကျောင်းသူများ အထက်တန်းဆင့် ပညာသင်ယူနေစဉ်ကာလအတွင်း စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်ရန် ရည်ရွယ်သည့် စက်မှု၊ စိုက်မွေးပညာများ တွဲဖက်သင်ကြားသည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် ၅၀ ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ ထပ်မံဖွင့်လှစ်မည့်ကျောင်းများနှင့်ဆိုပါက တစ်နိုင်ငံလုံးတွင် ၈၅ ကျောင်းအထိ ရှိလာမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်သော အသက် ၁၅ နှစ်အထက် လူဦးရေ ၂၂ ဒသမ ၉ သန်းအနက် ထက်ဝက်ခန့်သာ အခြေခံပညာအလယ်တန်းအဆင့် ပညာတတ်မြောက်ကြသည်။ ထို့အပြင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အနက် အသက် ၁၅ နှစ်အထက် ၄၅ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းနေကြပြီး ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိရာ ၎င်းတို့အား စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတတ်ပညာဆိုင်ရာ အခြေခံကောင်းများရရှိစေရန် မဖြစ်မနေလိုအပ်သည်။ လူတစ်ယောက်၏ ဘဝရှင်သန်ရပ်တည်နိုင်ရေး၊ သာမန်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် အနည်းဆုံး အလယ်တန်းအဆင့် ပညာသင်ယူပြီးမြောက်သင့်သည်။ နိုင်ငံတော်အစိုးရက ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံးအလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေးနှင့် အနာဂတ်ပညာရေး ပိုမိုကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်မည့်အခွင့်အလမ်းများ မဆုံးရှုံးစေရန် မိဘများနှင့်အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသည်။

အခြေခံပညာအလယ်တန်းဆင့် (Grade 9) ပြီးမြောက် အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများသည် (၁) အခြေခံပညာအထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေး အတတ်ပညာဟူသော ပညာရေးလမ်းသွယ် လေးမျိုးကို ရွေးချယ်သင်ယူနိုင်ကြမည်ဖြစ်သည်။ အဆိုပါ ပညာရေးလမ်းလေးသွယ်အနက် မည်သည့်လမ်းကို ရွေးချယ်သည်ဖြစ်စေ ပညာသင်ကာလ သုံးနှစ်သင်ယူကြရမှာဖြစ်သည်။ လမ်းသွယ် (၁) အခြေခံပညာအထက်တန်းဆင့်ကို ရွေးချယ်သင်ယူပါက ပုံမှန်ဘာသာတွဲများအတိုင်း သင်ယူကြပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပါက သတ်မှတ်အရည်အချင်းများနှင့်အညီ သက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၊ အခြားတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ ဆက်လက်တက်ရောက်နိုင်ကြမည်ဖြစ်သည်။ လမ်းသွယ် (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာစသည့် တစ်မျိုးမျိုးကို ရွေးချယ်ပါက အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်များအပြင် နည်းပညာ၊ အတတ်ပညာဘာသာရပ်များကို စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများဖြင့် သုံးနှစ်တာ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ရာ ထူးချွန်သူများသည် ဆိုင်ရာတက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်သကဲ့သို့ ရိုးရိုးအောင်မြင်သူများမှာ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံကို တည်ဆောက်ရာတွင် ပညာရေးသည် အခြေခံအုတ်မြစ်ပင်ဖြစ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများဖြင့်သာ တည်ဆောက်ကြရခြင်းဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် ကြီးမားစွာလိုအပ်လျက်ရှိသော စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေးဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ နိုင်ငံအတွင်း ဒေသအနှံ့အပြားတွင် ဖွင့်လှစ်ထားရှိသည့် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များ တွဲဖက်သင်ကြားပေးသည့် အထက်တန်းကျောင်းများမှ အမြောက်အမြားပေါ်ထွက်လာမည်ဟု ယုံကြည်မိသည်။ ပညာရေးနိမ့်ကျလျှင် နိုင်ငံနိမ့်ကျမည်ဖြစ်ပြီး ပညာမြင့်မားမှသာ နိုင်ငံမြင့်မားမည်ဖြစ်သည့်အလျောက် နိုင်ငံအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို အရေအတွက်ရော အရည်အချင်းပါ မြင့်မားအောင် မြှင့်တင်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## မွန်ပြည်နယ်အတွင်းရှိ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းများ စစ်ဆေးရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ခွင့်ပြုပြီးသော ပြည်နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ သတ်မှတ်ချက်များနှင့်အညီ စည်းရုံးရရှိထားသည့် ပါတီဝင်အင်အားများကို ပူးပေါင်းစစ်ဆေးရမည့် ဌာနဆိုင်ရာများ၊ အစစ်ဆေးခံရမည့် နိုင်ငံရေးပါတီများမှ တာဝန်ခံများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲအရာရှိများ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ (People’s Pioneer Party) ၊ အမျိုးသမီးပါတီ(မွန်) နှင့် အမျိုးသားအကျိုးစီးပွားတိုးတက်ရေး ပါတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်က လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးဟိဏ်းလင်းထက်က သက်ဆိုင်ရာဌာနများမှ ပူးပေါင်းစိစစ်ရမည့် အချက်များနှင့် နိုင်ငံရေးပါတီများမှ ကြိုတင်ဆောင်ရွက်ထားရမည့် အချက်များကို ချပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ပူးပေါင်းစိစစ်ရမည့် အချက်များနှင့် ပတ်သက်၍ မရှင်းလင်းသည့် အချက်များကို ဆွေးနွေးမေးမြန်းကြသည်။

သတင်းစဉ်

## ကသာမြို့၌ ဒေသခံပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများရောင်းချပေး

ကသာ အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့တွင် ဒေသခံပြည်သူများအား စားအုန်းဆီကို



ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ယနေ့နံနက် ၇ နာရီက မြို့တော်ခန်းမ၌ ရောင်းချပေးသည်။

တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားကို ငွေကျပ် ၂၉၀၀ နှုန်းဖြင့် ရောင်းချပေးပြီး ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့်အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါရောင်းချမှုကို ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ကြီးကြပ်မှုဖြင့် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့နှင့် မြို့နယ်ကုန်သည်ကြီးများအသင်းက ဦးရေ ၁၀၀၀ ကို ရောင်းချပေးခဲ့ကြောင်းသိရသည်။


လူအောင်(ကသာ)

○ရှေ့ဖုံးမှ

အဆိုပါစစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

**အားပေးစကား ပြောကြား**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် တပ်မတော် အရာရှိကြီးများသည် အနော်ရထာတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများသည် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ လည်းကောင်း သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် စစ်လက်ရုံးရွေးချယ်မှုအား ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ဟိုပုံး အောက်တိုဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လိုအပ်ချက်များ၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို မိမိတို့အနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက ပြည်ထောင်စုအဆင့်မှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ဒေသခံပြည်သူလူထုနှင့် လာရောက်တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း၊ ဒေသ၏ လိုအပ်ချက်များအပေါ် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်ဖြင့် ဆောင်ရွက်နိုင်သည့်အပိုင်းကို ပြည်နယ်ဝန်ကြီးချုပ်က ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမှ ဆောင်ရွက်ပေးရမည့် ကဏ္ဍများကို ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဒေသဆိုင်ရာ အချက်အလက်များကို တင်ပြပြီး ဟိုပုံးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ဟိုပုံးမြို့နယ်ဆိုင်ရာ အချက်အလက်များကို တင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆန်စက်လုပ်ငန်းရှင်၊ ကော်ဖီလုပ်ငန်းရှင်၊ မွေးမြူရေးလုပ်ငန်းရှင်၊ ထောပတ်အစုအဖွဲ့၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက်လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြဆွေးနွေး၍ အထွေထွေ ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်စကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဌာနဆိုင်ရာများအား ထောက်ပံ့ငွေများ ပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညွှန်ကြားရေးမှူး ဦးတင်ထူးမောင်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လုံခုတ်၊ ပေါင်လင်း ဌာနေပြည်သူ့စစ် အဖွဲ့ဝင်များအား စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်၍ ပြည်နယ်ဝန်ကြီးများက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အားချီးမြှင့်ငွေပေးအပ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဟိုပုံးမြို့တုံခမ်းကျောင်းတိုက် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဦးအာလောကအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပေါင်လင်း)သို့ သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားပြီး ကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကွန်ပျူတာခန်း၊ မွေးမြူရေးခန်း၊ စိုက်ပျိုးရေးခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဟန်လွဲကျေးရွာ နမ့်တဘက်ချောင်းတွင် ရွှေဝါငါးကြင်း ၃၆၅၀၀၊ ငါးခုံးမကြီး ၃၆၅၀၀၊ ငါးမြစ်ချင်း ၃၆၀၀၀ စုစုပေါင်း ငါးကောင်ရေ ၁၀၉၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တက္ကသိုလ်ရှိ နည်းပြအရာရှိများ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ရင်ဆိုင်ရသော အခက်အခဲများကို နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပေါင်းစည်းစွမ်းအားဖြင့် ညီညွတ်စွာလက်တွဲဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် စစ်တက္ကသိုလ်ရှိ နည်းပြအရာရှိများ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား ဗိုလ်လောင်းများအား စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ နည်းပြအရာရှိများ၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အမှာစကားပြောကြားရာတွင် စာပေပညာ၊ စစ်ပညာများကို သင်ကြားပေးနေသော နည်းပြများအနေဖြင့် မိမိတို့ သင်ကြားပေးရသည့် ဘာသာရပ်များကို ကိုယ်တိုင်ကျွမ်းကျင်စွာတတ်မြောက်ရန် လိုအပ်ပြီး ပြောင်းလဲတိုးတက်နေသော Revolutionary of Military Affair (RMA) စစ်မှုရေးရာတော်လှန်ပြောင်းလဲမှု နည်းပညာများနှင့် လိုက်လျောညီထွေ တတ်သိနေရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားရန်လိုကြောင်း၊ တပည့်များ၏ ရှေ့တွင် မားမားမတ်မတ်ရပ်ကာ သင်ကြားပေးနေရသူများဖြစ်၍ သွားလာနေထိုင်မှု၊ ပြောဆိုဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှုကအစ ဆရာဟူသော ဂုဏ်ပုဒ်နှင့်အညီ စံနမူနာပြ ဖြစ်နေအောင် နေထိုင်ကျင့်ကြံသွားကြရန် လိုကြောင်း။

### လက်တွေ့နယ်ပယ်များ၌ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်သည့်အထိ သင်ကြား

နည်းပြများအနေဖြင့် အိုးကောင်းရရှိရန် အကြိမ်ကြိမ် ထုဆစ်ပြုပြင်ရသည့် အိုးထိန်းသည်ကဲ့သို့ ကျင့်ကြံ၍ တပည့်များကို အကြိမ်ကြိမ် အဖန်ဖန် သွန်သင်ဆုံးမ ပြုပြင်ပေးနေရန် လိုကြောင်း၊ တပ်မတော်လေ့ကျင့်ရေး ဆောင်ပုဒ်ဖြစ်သည့် ချွေးထွက်များမှ သွေးထွက်နည်းမည် ဟူသည့် ဆောင်ပုဒ်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်က အားကိုးအားထားပြုနိုင်သည့် စံပြစစ်ဘက်ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဘက်နှင့် စာပေပညာသင်ကြားပေးသော နည်းပြများအနေဖြင့် မိမိတို့ တတ်သိသည့် စစ်ဘက်ပညာ၊ စာပေပညာရပ်များနှင့် ဖြတ်သန်းခဲ့ရသည့် လက်တွေ့ဘဝ အတွေ့အကြုံ၊ အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ခဲ့မှုများအပေါ် မူတည်လျက် တပည့်များ မိမိကဲ့သို့ တတ်ကျွမ်းနားလည်အောင် ကိုယ်ချင်းစာတရားဖြင့် သင်ကြားလေ့ကျင့်ပေးရန် လိုကြောင်း၊ စာပေပညာ သင်ကြားပေးရာတွင်လည်း အဆင့်မြင့်ပညာရပ်များဖြစ်သည့် မဟာတန်း၊ ပါရဂူတန်း အဆင့်ဆင့်ထိ ကျွမ်းကျင်တတ်မြောက်ပြီး နိုင်ငံတော်နှင့် တပ်မတော်တို့တွင် လက်တွေ့နယ်ပယ်များ၌ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်သည့်အထိ သင်ကြားပေးရန်လိုကြောင်း။

အပေါ် ကြိုးစားလေ့ကျင့်သင်ယူရမည်ဖြစ်ကြောင်း၊ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ပြီးချိန်တွင် ပေးအပ်သည့် တာဝန်အလိုက် မိမိကွပ်ကဲအုပ်ချုပ်ရသည့် တပ်အစုအဖွဲ့အပေါ် တော်သင့် မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် လေ့ကျင့်ရေးကာလအတွင်း သင်ကြားပေးနေသည့် စစ်ဘက်နှင့် စာပေပညာရပ်များတွင် ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ယူလေ့ကျင့်နေရန်လိုကြောင်း။

စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ ဘဝပေါင်းများစွာသည် ခေါင်းဆောင်၏ ပခုံးထက်တွင် မှီတည်နေသဖြင့် သင်ကြားတတ်မြောက်သည့် စာပေနှင့် စစ်ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်နေရန်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ဗိုလ်လောင်းဘဝကပင် ကြိုးစားလေ့ကျင့်သင်ယူနေရန်လိုကြောင်း၊ ထမ်းဆောင်ရ

> “ စစ်တက္ကသိုလ်သာမက တပ်မတော်ရှိတက္ကသိုလ်နှင့် လေ့ကျင့်ရေး သင်တန်းတပ်ကျောင်းကြီးများအားလုံးမှ နည်းပြများအားလုံးသည်လည်း မိမိတို့၏ တပည့်များကို မိမိထက်ပိုမိုတတ်မြောက်အောင်၊ တော်အောင်၊ ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးပြီး အနာဂတ်တွင် စစ်ဘက်နှင့် နိုင်ငံတော်အတွက် ခေါင်းဆောင်ကောင်းများအဖြစ် နိုင်ငံတော်နှင့် တပ်မတော်အဆင့်မြင့်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သည့် လူတော်လူကောင်းများဖြစ်သည်အထိ သင်ကြားလေ့ကျင့်ပေးရန်လို ”

စစ်တက္ကသိုလ်သာမက တပ်မတော်ရှိတက္ကသိုလ်နှင့် လေ့ကျင့်ရေးသင်တန်း တပ်ကျောင်းကြီးများအားလုံးမှ နည်းပြများအားလုံးသည်လည်း မိမိတို့၏ တပည့်များကို မိမိထက် ပိုမိုတတ်မြောက်အောင်၊ တော်အောင်၊ ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးပြီး အနာဂတ်တွင် စစ်ဘက်နှင့် နိုင်ငံတော်အတွက် ခေါင်းဆောင်ကောင်းများအဖြစ် နိုင်ငံတော်နှင့် တပ်မတော် အဆင့်မြင့်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သည့် လူတော်လူကောင်းများဖြစ်သည်အထိ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

ဗိုလ်လောင်းများအနေဖြင့် နေ့စဉ်သစ္စာ (၄) ချက်ကို ရွတ်ဆိုစောင့်သိရသူများ ဖြစ်ချိန်မှစတင်၍ မိမိတို့၏ဘဝတွင် မိဘများက ဆိုင်သာဆိုင်ပြီး နိုင်ငံတော်နှင့် တပ်မတော်မှသာ ပိုင်ဆိုင်ခြင်းဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ “ချွေးထွက်များမှ သွေးထွက်နည်းမည်၊ မီးနာမှ သံကောင်းမည်” ဟူသော လေ့ကျင့်ရေးဆောင်ပုဒ်များနှင့်အညီ သင်ကြားလေ့ကျင့်မှုများသော ရာထူးတာဝန်ကြီးမားလာသည်နှင့် အလျောက် ဘဝများစွာအပေါ်တွင် တာဝန်ရှိလာမည်ဖြစ်၍ မှားယွင်းချွတ်ချော်၍ မရသည်ကို အထူးသတိပြုရန် လိုကြောင်း၊ ထို့ကြောင့် ပြန်တမ်းဝင်အရာရှိဖြစ်ချိန်တွင် လူကြီးစိတ်မွေး၍ ဦးစီးဦးဆောင်ပြုနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင် အက်ဥပဒေ၊ နည်းဥပဒေနှင့်စည်းမျဉ်း၊ စည်းကမ်းများ ရှိပြီးဖြစ်၍ သိရှိလိုက်နာရန် လိုအပ်ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ ခံစားချက်များကို ရှေ့တန်းတင် ဆောင်ရွက်ခြင်းမပြုရန်လိုကြောင်း၊ သို့ဖြစ်၍ ဗိုလ်လောင်းများအနေဖြင့် သင်ကြားလေ့ကျင့်မှုများအပေါ် ခံယူချက်၊ ယုံကြည်ချက်ဖြင့် စာပေပညာ၊ စစ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားလေ့ကျင့်သွားရန်လိုကြောင်း။

### တာဝန်အစိတ်အပိုင်းအလိုက် ညီညွတ်စွာ ပေါင်းစပ်၍ အောင်မြင်အောင်ဆောင်ရွက်

တပ်မတော်သားများအနေဖြင့် တပ်ရင်း/တပ်ဖွဲ့အလိုက် လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့် အခေါ်အဝေါ် မည်သို့ပင်ကွဲပြားမှုများရှိသော်လည်း သစ္စာလေးချက် စောင့်သိမှုနှင့် နိုင်ငံတော်မှ ပေးအပ်သော အခွင့်အရေးများကို တူညီစွာခံစားနေကြသူများဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အန္တိမရည်မှန်းချက်အဖြစ် ဦးလည်မသုန် ထမ်းဆောင်နေကြသူများသာဖြစ်ကြောင်း၊ သို့ဖြစ်၍ ထမ်းဆောင်နေသော တာဝန်အစိတ်အပိုင်းအလိုက် ညီညွတ်စွာပေါင်းစပ်၍ အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်တာဝန် ဆောင်ရွက်နေမှုအပိုင်းနှင့် ပတ်သက်၍ ယနေ့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှစ၍ ယခင်ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် ပြီးမြောက်ခဲ့ပြီးဖြစ်သည့် လုပ်ငန်း ၃ ရပ်အစား အခြေအနေ၊ အချိန်အခါနှင့်ကိုက်ညီလျက်ရှိသည့် အချက် (၃) ချက်ကို အစားထိုးချမှတ်ခဲ့ကြောင်း။

နိုင်ငံတစ်ဝန်းလုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရန်ကိစ္စ၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေး ဆောင်ရွက်ရန်ကိစ္စနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ထောင်ရန်ကိစ္စ စသည့် လုပ်ငန်းစဉ် ၃ ရပ် အသစ်ကို ပြင်ဆင်ထည့်သွင်းလျက်မူလရှိပြီး ထာဝရငြိမ်းချမ်းရေးဆိုင်ရာကိစ္စနှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ ပါဝင်သည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် အသစ်ကို ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ မူလဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များ၊ လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပြီး ထာဝရငြိမ်းချမ်းရေးအတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေး အမြဲတမ်းတံခါးဖွင့်ထားပါကြောင်း၊ ဥပဒေနှင့်အညီ လွှတ်တော်မှတစ်ဆင့် ရပိုင်ခွင့်များကို တောင်းဆိုနိုင်သည့် အခွင့်အရေးရရှိရန် နည်းလမ်းကောင်းများကိုလည်း ဖိတ်ခေါ်၍ ရှင်းလင်းဆွေးနွေးပေးလျက်ရှိပါကြောင်း၊ ထို့အပြင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် လာမည့် အောက်တိုဘာ ၁၅ ရက်နေ့တွင် ကျရောက်မည့် NCA (၈) နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်တွင် ကျင်းပနိုင်ရန်အတွက် အလေးထား စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရခြင်းသည် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုကို အခြေခံ၍ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဦးစီးဦးဆောင်ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် လိုအပ်ပါကြောင်း၊

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

မှန်ကန်မျှတမှုရှိစေရေး အခြေခံကျသည့် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံသားမှတ်ပုံတင် စိစစ်ခြင်း ဆိုင်ရာကိစ္စရပ်များကို IT နည်းပညာ အသုံးပြုလျက် စိစစ်ဆောင်ရွက်လျက်ရှိခြင်းနှင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးအတွက် အကြိုကာလအဖြစ် ယခု ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ စ၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အတွင်း ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အခြေခံသော နိုင်ငံဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အခြေခံသည့် MSME လုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်ကုန်မှသည် ပို့ကုန်သို့ မြှင့်တင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းလိုအပ်ချက်အရ အရင်းအနှီးရရှိစေရေး နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေများကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ယနေ့ကာလတွင် နိုင်ငံကြီးအချို့သည် ဘက်စုံစစ်ပွဲအသွင်ဖြင့် Soft Power နှင့် Hard Power များကို အသုံးပြု၍ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့ ကြိုးပမ်းနေသည့် နိုင်ငံငယ်များအပေါ် ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နိုင်ရေး နည်းမျိုးစုံသုံးပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အထူးသတိထား စောင့်ကြည့်ရန်နှင့် ရင်ဆိုင်ရသော အခက်အခဲများကို နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပေါင်းစည်းစွမ်းအားဖြင့် ညီညွတ်စွာ လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း။

**❖ ယနေ့ကာလတွင် နိုင်ငံကြီးအချို့သည် ဘက်စုံစစ်ပွဲအသွင်ဖြင့် Soft Power နှင့် Hard Power များကို အသုံးပြု၍ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့ ကြိုးပမ်းနေသည့် နိုင်ငံငယ်များအပေါ် ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နိုင်ရေး နည်းမျိုးစုံသုံးပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အထူးသတိထား စောင့်ကြည့်**

ထိုသို့ ဆောင်ရွက်နိုင်ရန် တပ်မတော်သားများအားလုံးသည် စည်းလုံးညီညွတ်နေရန် လိုကြောင်း၊ တပ်မတော်သားများ လိုက်နာကြရန် Code of Conduct အဖြစ် စစ်သည်တော် ကျင့်ဝတ်အပါး (၆၀) ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ စစ်သည်အချင်းချင်းပြုကျင့်ရမည့် ကျင့်ဝတ် (၂၀) ပါး၊ အထက်အကြီးအကဲများ ပြုကျင့်ဝတ် (၁၀) ပါး၊ လက်အောက်အပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၅) ပါး အတိုင်း တိကျစွာ လိုက်နာမှသာလျှင် တပ်တွင်းစည်းလုံးညီညွတ်မှုမှာ ရေပက်မဝင်အောင် ခိုင်မာနေမည်ဖြစ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်မှသာလျှင် တပ်ပြင်စည်းလုံးရေးကိစ္စရပ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် အရာရှိ၊ စစ်သည်များ ပူပင်ကြောင့်ကြမှုကင်းစွာ လုပ်ငန်းတာဝန်အောင်မြင်အောင် ထမ်းဆောင်နိုင်ရေးအတွက်သာမက မိမိမိသားစုဝင်များပါ ဝင်ငွေ/ထွက်ငွေ ညီညွတ်မျှတစေရေး တာဝန်ရှိသူအဆင့်ဆင့်က ထိန်းကျောင်းပေးရန်လိုကြောင်း၊ ဝင်ငွေ/ထွက်ငွေ မျှတစေရန်နှင့် ဆေးလိပ်၊ အရက်၊ လောင်းကစားများမှအစ အသုံးနှင့်အဖြုန်းကို ထိန်းသိမ်းပြီး ကိုယ်တိုင်နှင့်မိသားစုများပါ စနစ်တကျနေထိုင်ကြရန်လိုကြောင်းနှင့် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်၍ ပြဋ္ဌာန်းထားသော ဆောင်ရန် ရှောင်ရန်ကိစ္စရပ်များအား အလေးထား စောင့်ထိန်း လိုက်နာသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Nyingchi မြို့သို့ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၃**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Nyingchi မြို့၌ အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည့် တတိယအကြိမ်မြောက် ဟိမဝန္တာ တောင်တန်းများဒေသ နိုင်ငံများ အကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်သို့ တက်ရောက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယခုကျင်းပမည့်ဖိုရမ်ကို ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက် မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လူသားများနှင့် သဘာဝတရားအကြား သဟဇာတဖြစ်သော ဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စသည့် ကဏ္ဍ သုံးခုကို ချိတ်ဆက်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ကိုယ်စားလှယ် ၃၀၀ ခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေကို အထူးအလေးထားလိုက်နာ

**ပဲခူး အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အဆင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃) ကျင်းပသည်။ **(အောက်ပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားချက်များအား ဖတ်ကြားရှင်းလင်းသည်။ ယင်းနောက် မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်း ကြုံတွေ့လာရမည့် ပူပြင်းခြောက်သွေ့သော အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သီးထပ်စွမ်းအား ထိခိုက်မှုမရှိစေရေးနှင့် သောက်သုံးရေရှားပါးမှု မဖြစ်စေရေး ယခုအချိန်ကတည်းက ကြိုတင်စီမံဆောင်ရွက်ထားရန် လိုကြောင်း၊ မကြာမီ ပွင့်လင်းရာသီရောက်ရှိတော့မည်ဖြစ်၍ ပြည်တွင်း / ပြည်ပ ခရီးသွားလုပ်ငန်းများအား လိုအပ်သည့် ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်ထားရန်လိုကြောင်း၊ အသစ်ဖွဲ့စည်းခဲ့သည့် ခရိုင်မြို့များတွင် Town Plan များ အသစ်ရေးဆွဲထားရန်လိုကြောင်း၊ စက်မှုဇုန်များနှင့် ရေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် ကျူးကျော်နေထိုင်မှု မရှိစေရေး လိုအပ်သော ကြေညာချက်များ ထုတ်ပြန်ထားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများကို ကဏ္ဍအလိုက် အပြည့်အဝ ကောက်ခံရရှိရေး အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး စက်ရုံ / အလုပ်ရုံများ၊ Gasifier များကို သွားရောက်စစ်ဆေး၍ လိုအပ်သည့် အဆင့်မြှင့်တင်ခြင်းများ အသိပညာပေးရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေကို အထူးအလေးထား လိုက်နာဆောင်ရွက်ရန် စသည်တို့ကို မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် အားသာချက်၊ အားနည်းချက်များကို အကြံပြုရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ၃**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

## ရွှေတောင်မြို့နယ် အထက(ခွဲ)ထန်းကုန်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို အောက်တိုဘာ ၃ ရက်က အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) ထန်းကုန်းကျောင်းခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းနှင့် လက်ထောက်ပညာရေးမှူး ဦးခင်ဇော်တို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။



ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်နှင့် ဆရာကြီး ဦးအေးမင်းဇော်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ပြီး အထက(ခွဲ) ထန်းကုန်းကျောင်းမှ Grade–12 မှ မောင်စိုင်းသူရအောင်က လူငယ်နှင့် နည်းပညာ၊ Grade–10 မှ မောင်ကောင်းမြတ်ခန့်က လူငယ်နှင့် အားကစား၊ Grade–12 မှ မနန္ဒာချိုက လူငယ်နှင့် ကျန်းမာရေး၊ Grade– 10 မှ မချစ်စုအောင်က လူငယ်နှင့် အချိန်၏တန်ဖိုး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာတက်ရောက်လာသော ကျောင်းသားကျောင်းသူများက ကဏ္ဍအလိုက် သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် "သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေး စိစစ်ရေးအဖွဲ့"၏ ဂုဏ်အင်္ဂါအရည်အချင်း စိစစ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် "သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းနိုင်ရေးစိစစ်ရေးအဖွဲ့"၏ ဂုဏ်အင်္ဂါအရည်အချင်း စိစစ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**တက်ရောက်**

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**အထူးဂရုပြု ဆောင်ရွက်ရမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ၂၀၂၄ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အဆိုပြု လျှောက်ထားလာမှုနှင့် ပတ်သက်၍ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ၂၀၂၄ ခုနှစ်တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ အဆိုပြုလျှောက်ထားလာသည့် အဆိုပြုစာရင်းများအနက် ပြည်တွင်းမှ ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့၏ စိစစ်ချက်များကို သတ်မှတ်သည့်နေ့ရက်တွင် "ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့"သို့ အချိန်မီတင်ပြနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် အထူးမေတ္တာရပ်ခံပါကြောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းခြင်းသည် နိုင်ငံတော်၏ ကိုယ်စား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စိစစ်ရွေးချယ်ဆောင်ရွက်ရသည့်အတွက် သတ်မှတ်ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များ မကျန်ရစ်စေရေး၊ ဂုဏ်အင်္ဂါအရည်အချင်းများ စိစစ်ရာတွင်လည်း အမှားအယွင်းအတိမ်းအစောင်းမရှိစေရေး အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေး**

ဆက်လက်၍ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ဦးစီးဌာနအလိုက် အဆိုပြုလွှာများ စိစစ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ဆက်စပ်ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆင်သေချောင်းတံတား (ကျောက်ချက်)အသစ်တည်ဆောက်ခြင်းနှင့် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး၏ လမ်းဘေးဝဲ / ယာ တစ်လျှောက် သစ်ပင်များစိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆင်သေချောင်းတံတား (ကျောက်ချက်) လေးလမ်းသွား တံတားသစ်တိုးချဲ့ တည်ဆောက်ရေးလုပ်ငန်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြည်ထောင်စုလမ်းမကြီး၏ လမ်းဘေး ဝဲ/ယာ တစ်လျှောက် သစ်ပင်များစိုက်ပျိုးထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တံတားအထူးအဖွဲ့ (၆) မှ တာဝန်ယူတည်ဆောက်နေသည့် ဘောဂသီရိအဝေးပြေး ကားဝင်းအနီးရှိ အရှည် ပေ ၂၁၀ ဆင်သေချောင်းတံတား (ကျောက်ချက်) မူလတစ်လမ်းမောင်း သံပေါင်တံတားဟောင်းနေရာတွင် သံကူကွန်ကရစ် လေးလမ်းသွား တံတားအသစ်တိုးချဲ့တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ယာဉ်ကြောပြင်ဆင် သတ်မှတ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ချောင်းရေတိုက်စားမှုမဖြစ်စေရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးနှင့် စံချိန်စံညွှန်းများအတိုင်း အရည်အသွေးကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန်နှင့် တံတားတည်ဆောက်ပြီးစီးပါက တံတားနှင့် ဘောဂသီရိ အဝေးပြေးကားဝင်းကြားရှိ လမ်းဆုံ(Junction )တွင် ယာဉ်သွားလာမှု စနစ်တကျဖြစ်စေရေးအတွက် ယာဉ်ကြောပြင်ဆင် သတ်မှတ်ပေးရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

**ကွင်းဆင်းကြည့်ရှု စစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး) နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခင် လေးလမ်းသွားမှ ခြောက်လမ်းသွားအဆင့်သို့ လမ်းတာပေါင် တိုးချဲ့ထားရှိသည့် လမ်းကြောင်းတစ်လျှောက် လမ်းဘေး ဝဲ / ယာတို့တွင် စိုက်ပျိုးထားပြီးသော သစ်ပင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပလက်ဝမြို့၌ ၂၀၂၂-၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**ပလက်ဝ အောက်တိုဘာ ၃**

ချင်းပြည်နယ် ပလက်ဝမြို့ အ.ထ.က(၁) ကျောင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက်က အဆိုပါကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ် ဇင်မျိုးဆွေက ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အမြင့်ဆုံး ပိုင်ဆိုင်ခဲ့ကြောင်း၊ အဆိုပါ အစဉ်အလာကောင်းအား ဆက်လက်ထိန်းသိမ်းနိုင်ရန် မိဘ၊ ဆရာများ ဟန်ချက်ညီညီ စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ဆရာ ဆရာမများလည်း အနာဂတ်နိုင်ငံတော်အတွက် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မိဘဆရာအသင်းဥက္ကဋ္ဌ၊ အ.ထ.က(၁) ကျောင်းအုပ်ဆရာကြီး ဦးထွန်းရွှေက ကျေးဇူးတင်စကား ပြောကြားပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော (၃) ဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ (၂) ဘာသာဂုဏ်ထူးရှင် ၂၀၊ (၁) ဘာသာဂုဏ်ထူးရှင် ၁၈ ဦး စုစုပေါင်း ၈၄ဦးအား ဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။ **(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ၃**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ခရီးသွားကဏ္ဍ အလျင်အမြန်တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်

နေပြည်တော် အောက်တိုဘာ ၃

**အစိုးရ – ပုဂ္ဂလိက Technical Group နှင့် Hybrid စနစ်ဖြင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။**

တွေ့ဆုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ Technical Group အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သော ခရီးသွားကဏ္ဍမှာ ပြန်လည်ဦးမော့လာ လျက်ရှိသော်လည်း နဂိုမူလ အခြေအနေသို့ ရောက်ရှိရန်နှင့် အလျင်အမြန် တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ဟန်ချက်ညီညီ အားလုံးဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆွဲဆောင်မှုရှိသော ခရီးသွား ဆွဲဆောင်ရာနေရာများနှင့် ဘေးကင်းလုံခြုံသော Travel Bubbles များကို ဖော်ထုတ်နိုင်ရေး အတွက် ရေတို၊ ရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်သွားနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များပူးပေါင်းမှုဖြင့် "ခရီးသွားလုပ်ငန်းဖိုရမ်" ကို ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်း အလျင်အမြန် တိုးတက်လာစေရေး အတွက် အားလုံးဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ခရီးသွားလုပ်ငန်း ဖိုရမ်နှင့်ပတ်သက်၍ ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေး ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က working group အဖွဲ့များ၏ အပတ်စဉ် ဆွေးနွေးချက်များကို ကောက်နုတ်တင်ပြပြီး အမြဲတမ်း အတွင်းဝန် ဦးလှိုင်ဦးက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးပြောကြားကာ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပုဂ္ဂလိက working group အဖွဲ့ ငါးဖွဲ့မှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မွန်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေး အခြေခံသော ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေးကြိုးပမ်း

**နေပြည်တော် အောက်တိုဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သည် စက်တင်ဘာ ၃၀ ရက်က မုဒုံမြို့နယ်ရှိ Honda (Myanmar) International Co.,Ltd ရော်ဘာ ပင်အိုကုန်ကြမ်းအသုံးပြု သစ်အကြမ်းထည် စက်ရုံသို့ ရောက်ရှိပြီး သစ်ပါးလွှာ၊ ဘန်းဆောခွဲသား၊ ဘလော့ဘုတ် သစ်ခွဲသားနှင့် လွှစာမှုန့်ဖြင့် ထင်းအစားထိုး လောင်စာတောင့်များ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေး ဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲနှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ) ၏ ရော်ဘာ အခြေခံ ဘက်စုံသီးနှံ စိုက်ပျိုးမွေးမြူရေးစံပြကွက် ဆောင်ရွက်ထားရှိမှု၊ နှစ်ရှည်သီးနှံ ကြက်မောက်၊ ဒူးရင်း၊ ကော်ဖီ၊ ကိုကိုး၊ ပိန္နဲနှင့် နဂါးမောက် စိုက်ပျိုးထားရှိမှု၊ တိုင်းရင်းကြက်၊ ဆိတ်၊ စားဖား၊ ငါးပြေမ၊ ငါးခူများ မွေးမြူထားရှိမှုနှင့် ဒေသနေတောင်သူများအား ဘက်စုံစိုက်ပျိုးမွေးမြူရေး သင်တန်းပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာအခြေခံ ဘက်စုံသီးနှံစိုက်ပျိုးနည်းစနစ် အသုံးပြု၍ ရော်ဘာစိုက် တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရေး နည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး**

ထို့နောက် ဒုတိယဝန်ကြီးသည် Sri Trang Ayeyar Rubber Industry စက်ရုံ၌ ရော်ဘာကုန်ကြမ်း သန့်စင်ခြင်း၊ အခြောက်ခံခြင်းနှင့် ထုပ်ပိုးခြင်း လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ မော်လမြိုင်မြို့ရှိ သံလွင်အေးစက်မှုကုမ္ပဏီအအေးခန်းစက်ရုံ၌ ငါးများ အေးခဲခြင်း၊ ပြည်ပတင်ပို့ရန် ပြုပြင်ထုပ်ပိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ မြင်းကကုန်း - သကံလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ဘိုကလေး အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဘိုကလေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မြင်းကကုန်း- သကံလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၀/၂) မိုင် ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွေးကိုကို၊ ဖျာပုံခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မြင်းကကုန်း – သကံလမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက လမ်းတည်ရှိရာ ပတ်ဝန်းကျင်ရှိကျေးရွာ ၁၀ ရွာနှင့် ဒေသခံ လူဦးရေ ၅၂၀၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**မိုးစက်(ပြန်/ဆက်)**



# လယ်ယာမြေများပေါ်တွင် ကျူးကျော်နေထိုင်ခြင်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

**မြစ်ကြီးနား အောက်တိုဘာ ၃**

ကချင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပရာ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာမြေ အသုံးချမှုများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆွေးနွေးဆုံးဖြတ်သွားရန်လိုကြောင်း၊ လယ်ယာမြေများပေါ်တွင် အဆောက်အအုံများ တည်ဆောက်ခြင်း၊ ကျူးကျော်နေထိုင်ခြင်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက်ရှိပြီးသား လယ်မြေများကို တခြားနည်းအသုံးချမှုမရှိစေရေး အလေးထားလိုက်နာ ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက လယ်ယာမြေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားရမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးသန်းမြင့်က ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြရန် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဆုံးဖြတ်ချက် ချမှတ်ပေးရမည့် လယ်ယာမြေကို အခြားအသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများ၊ ၂/၂၀၂၃ အစည်းအဝေးမှ တင်ပြချက်အရ ပြန်လည်ဆွေးနွေး ဆုံးဖြတ်ရန် အတည်ပြုခဲ့သည့် လယ်ယာမြေ ဥပဒေပုဒ်မ (၃၀-ခ) အရ လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများကို စိစစ်တင်ပြမှုများ၊ ခွင့်ပြုချက်မရရှိမီ ကြိုတင်အသုံးပြုသဖြင့် လယ်ယာမြေဥပဒေပုဒ်မ (၁၉)အရ ဒဏ်ကြေးပေးဆောင်ရန် အဆိုပြုတင်ပြသည့် လုပ်ငန်းစာတွဲများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများနှင့်စပ်လျဉ်း၍ တင်ပြလာမှုများကို အဖွဲ့ဝင်များက သုံးသပ် ဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်အရေးယူ ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များကို အဖွဲ့ဝင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သင်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန မန္တလေး ကလေးပြုစုရေးဌာန၌ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။



**အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ သဘောသဘာဝအရ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ အသိပညာဗဟုသုတ ရရှိစေမည့် စာပေကောင်းများကို ဖတ်ရှု၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပံ့ပိုးထောက်ပံ့ပေးမှုများကို အချက်အလက် ပြည့်စုံစွာဖြင့် မှတ်တမ်းထားရှိရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဦးစီးဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးကလေးပြုစုရေးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မူလတန်းကြိုကျောင်းများတွင် ပြုစုပျိုးထောင်ပေးလျက်ရှိသော ကလေးများနှင့် ပတ်သက်၍ ငယ်စဉ်ကတည်းက အများနှင့်ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ ကိုယ်ချင်းစာနာစိတ်များ ထားရှိတတ်စေရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်ရန်နှင့် အများကို ဦးစားပေးတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် သင်ကြားလေ့ကျင့်ပေးစေလိုကြောင်း၊ သို့မှသာ ဗလငါးတန်နှင့် ပြည့်စုံပြီး အနာဂတ်နိုင်ငံတော်၏ လူသားစွမ်းအားစုများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေး လူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းကျောင်းရှိ ကျောင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး မိမိပတ်ဝန်းကျင်နှင့် နိုင်ငံတော်က အားကိုးအားထားပြုရသော လူငယ်လူရွယ်များ ဖြစ်ရန်ကြိုးစားအားထုတ်နေထိုင်သွားစေလိုကြောင်း မှာကြားပြီး ကျောင်းသားများ၏ သက်မွေးပညာရပ်များ သင်ကြားလေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှုကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲဝင်ကစားသမားများ တည်းခိုနေထိုင်သည့် အားကစားရွာအတွင်း လှည့်လည်ကြည့်ရှုလေ့လာ



**ဟန်ကျိုး အောက်တိုဘာ ၃**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် ဒေသစံတော်ချိန် ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့ အားကစားရွာသို့ရောက်ရှိပြီး (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နဂါးလှေလှော် (Dragon Boat) မြန်မာအသင်းကို တွေ့ဆုံအားပေးစကား ပြောကြားကာ ဝမ်းကျိုးမြို့သို့ ဆက်လက်ထွက်ခွာမည့် မြန်မာလှေလှော်အသင်းကို ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် အားကစားရွာအတွင်း နိုင်ငံတကာ အားကစားသမားများ နေထိုင်ရန် စီစဉ်ထားသည့် အဆောက်အဦများ၊ Fitness Center များ၊ မြန်မာအားကစားသမားများ နေထိုင်သည့် နေရာနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ရုံးခန်း ပြင်ဆင်ဖွဲ့စည်းထားမှုကို လှည့်လည်ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

ယနေ့တွင် ပိုက်ကျော်ခြင်း အားကစားနည်း အမျိုးသား လေးယောက်တွဲ အကြိုဗိုလ်လုပွဲ ပြိုင်ပွဲကိုကျင်းပရာ မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာအသင်းက ဂျပန်အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါ ပိုက်ကျော်ခြင်း အားကစားနည်း ဗိုလ်လုပွဲ ပွဲစဉ်ကို အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်း ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၃**

၂၀၂၃-၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲယှဉ်ပြိုင်ရန် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အောက်တိုဘာ ၃ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားသည်။



ရှမ်းယူနိုက်တက် အသင်းသည် AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စု (F) တွင် မက်ကာသာ (ဩစတြေးလျ)၊ ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား)၊ ဆီဘူး (ဖိလစ်ပိုင်) တို့နှင့် ကျရောက်နေသည်။ စက်တက်ဘာ ၂၁ ရက်က ကစားသည့် အုပ်စုပထမပွဲတွင် ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းတွင် မက်ကာသာအသင်းကို သုံးဂိုးပြတ်အရေးနိမ့်ခဲ့ပြီး ဖနွမ်းပင်ခရောင်းအသင်းမှာမူ အဝေးကွင်းတွင် ဆီဘူးအသင်းကို သုံးဂိုးပြတ်အနိုင်ရထားသည်။

ရှမ်းယူနိုက်တက် အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် နောက်တစ်ဆင့် တက်ရောက်ရေးအတွက် ယခုပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။

ရှမ်းယူနိုက်တက် ဘောလုံးအသင်းကို ဒုဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ ဦးဆောင်၍ အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၁၀ ဦး၊ ကစားသမား ၁၉ ဦး လိုက်ပါသွားသည်။ ရှမ်းယူနိုက်တက်အသင်း တွင် ကစားသမားများအဖြစ် **ဂိုးသမား**- မျိုးမင်းလတ်၊ အောင်မြင့်မြတ်၊ **နောက်တန်း** - ကျော်ဇင်လွင်၊ ဖွဲခန့်မင်း၊ ဖွဲထက်မင်း၊ ရဲမင်းသူ၊ အောင်ကျော်သူ၊ ဟိန်းသီဟဇော်၊ **အလယ်တန်း** - နန္ဒကျော်၊ သက်ပိုင်ထွေး၊ လင်းထက်စိုး၊ မျိုးကိုထွန်း၊ မတ်ခ်၊ မြတ်ကောင်းခန့်၊ ဈာနေယျသူ၊ ရဲရင့်အောင်၊ **ရှေ့တန်း**- ထက်ဖြိုးဝေ၊ ဘယ်လိုနှင့် မိုတို တို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-SUFC**

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး ဗိုလ်လုပွဲ ဂျပန်နှင့် မြောက်ကိုရီးယား တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၃**

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၃ ရက်က တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ ဂျပန်နှင့် မြောက်ကိုရီးယားအသင်း တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြောက်ကိုရီးယားအသင်းက ဥဇဘက်ကစ္စတန်အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းက အိမ်ရှင်တရုတ်အသင်းကို လေးဂိုး - သုံးဂိုး ဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ဂျပန်အသင်းမှာ ဗိုလ်လုပွဲသို့ ငါးကြိမ်ဆက်တိုက် တက်ရောက်လာခြင်းဖြစ်သည်။ ဂျပန်အသင်းက ဗိုလ်လုပွဲသို့ ခုနစ်ကြိမ်မြောက်၊ မြောက်ကိုရီးယားအသင်းက ခြောက်ကြိမ်မြောက် တက်ရောက်လာခြင်းဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် တရုတ်နှင့် မြောက်ကိုရီးယားအသင်းက ရွှေတံဆိပ် သုံးကြိမ်စီ၊ ဂျပန်အသင်းက ရွှေတံဆိပ် နှစ်ကြိမ်ရရှိထားသည်။ ဂျပန်နှင့် မြောက်ကိုရီးယားအသင်းသည် ဗိုလ်လုပွဲအဆင့်တွင် လေးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး မြောက်ကိုရီးယားအသင်းက နှစ်ကြိမ်အနိုင်ရကာ ဂျပန်အသင်းက တစ်ကြိမ်အနိုင်ရထားသည်။

အောက်တိုဘာ ၆ ရက်တွင် တတိယနေရာလုပွဲအဖြစ် ဥဇဘက်ကစ္စတန်နှင့် အိမ်ရှင် တရုတ်၊ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဂျပန်နှင့် မြောက်ကိုရီးယားအသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရဲရင့်လွင်**

*❍ ကျောဖုံးမှ*

မြန်မာရိုးရာလှေအဖွဲ့သည် အမျိုးသား၊ အမျိုးသမီးပွဲစဉ် နှစ်ခုစလုံး ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ရိုးရာလှေအဖွဲ့သည် ယခုပြိုင်ပွဲတွင် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ရိုးရာလှေပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်တွင် မီတာ ၅၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အောက်တိုဘာ ၆ ရက်တွင် မီတာ ၁၀၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်**

** ကျောဖုံးမှ*

ပြန်လည်အရေးနိမ့်သဖြင့် တတိယပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာသည်။ တတိယပွဲငယ်တွင်မူ မြန်မာအသင်းသည် အမှားအယွင်းမရှိ ကစားကာ ၂၁-၁၅ မှတ်ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ လေးယောက်တွဲ ပိုက်ကျော်ခြင်း အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသားအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲတွေ့ဆုံရာတွင် အင်ဒိုနီးရှားကို အရေးနိမ့်ထားသဖြင့် ရှုံးကြွေးပြန်ဆပ်ပြီး ရွှေတံဆိပ်ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်း သည် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သဖြင့် လက်ရှိကျင်းပနေသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး ဆုတံဆိပ်ရရှိရန် သေချာသွားပြီဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MASTAF**

ပညာရေးဝန်ကြီးဌာန

ကမ္ဘာ့ဆရာများနေ့
World Teachers' Day

ပညာရေးကိုမြှင့်တင်ဖို့ ဆရာအင်အားဖြည့်ဆည်းစို့
The Teachers we need for education we want: The global imperative to reverse the teacher shortage.

ရုံးအမှတ်(၁၃)၊ နေပြည်တော်
၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့
INTERNATIONAL DAY FOR DISASTER RISK REDUCTION (2023)
"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေ တိုက်ဖျက်စို့"
"Fighting Inequality for A Resilient Future"
အောက်တိုဘာလ (၁၈) ရက်

# အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

**အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ရှိ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) ဇီဝကခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ကျွမ်းကျင်သူ (အရာရှိ) များ၊ သူနာပြု/ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ နိုင်ငံတကာမှဆေးပညာရှင်များ၊ အငြိမ်းစား အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။**

ဦးစွာ အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ၏ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက အဖွင့်အမှာစကား ပြောကြားကာ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသော သုတေသနပိုစတာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Symposium of the Conference အဖြစ် Artificial Intelligence (AI) in Healthcare 4.0 ၊ ဆေးပညာရပ်ဆိုင်ရာ အကြောင်းအရာများနှင့် Special Talk ငါးခုတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ သုတေသနစာတမ်းများအဖြစ် ဆေးပညာ၊ သားဖွားနှင့် မီးယပ်ရောဂါပညာ၊ ပြည်သူ့ကျန်းမာရေး၊ မေ့ဆေးပညာ စသည့်ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၁၉ စောင်၊ ကျန်းမာရေးဝန်ကြီးဌာနမှသုတေသနစာတမ်း လေးစောင်နှင့် ထိုင်းဘုရင့်တပ်မတော်ဆေးရုံကြီးမှ သုတေသနစာတမ်း တစ်စောင် စုစုပေါင်း သုတေသန စာတမ်း ၂၄ စောင် တို့အား ဖတ်ကြားတင်သွင်းကြသည်။

အဆိုပါ အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ Inperson တက်ရောက်သူ စုစုပေါင်း ၃၁၄ ဦး တက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများအနေဖြင့် အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ကျွမ်းကျင်သူ (အရာရှိ) နှင့် သူနာပြု/ ကျွမ်းကျင်သူများနှင့် အိန္ဒိယတပ်မတော်ဆေးတပ်ဖွဲ့တို့မှ တက်ရောက်သူစုစုပေါင်း ၁၁၂ ဦး တက်ရောက်ကြကြောင်းနှင့် အောက်တိုဘာ ၅ ရက်အထိ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။



မွန်းလွဲပိုင်းတွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် အကြိမ် (၃၀) မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော ကမ္ဘောဒီးယားဆေးတပ်ဖွဲ့မှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး Kong Saly ဦးဆောင်သောအဖွဲ့၊ ထိုင်းဘုရင့်တပ်မတော်ဆေးရုံကြီး၏ ဒုတိယဆေးရုံအုပ်ကြီး ဗိုလ်မှူးချုပ် Piyalarp Watsuwat ဦးဆောင်သောအဖွဲ့၊ ဗီယက်နမ်ဆေးတပ်ဖွဲ့မှ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် Le Van Dong ဦးဆောင်သောအဖွဲ့နှင့် လာအိုဆေးတပ်ဖွဲ့မှ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး Phou–vilay Phounsavath ဦးဆောင်သောအဖွဲ့၊ အိန္ဒိယနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပါရဂူများအား အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) ရှိ ဧည့်ခန်းမတွင် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်များ၏ ဆေးပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူဆယ်မြို့ မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း (မူဆယ်ရုံးခွဲ) နှင့် ရွှေလီမြို့အစိုးရတို့ပူးပေါင်း၍ မျက်စိအခမဲ့ကုသပေးရန် စာရင်းကောက်ခံ

မူဆယ် အောက်တိုဘာ ၃



မူဆယ်မြို့ မြန်မာ – တရုတ်ချစ်ကြည်ရေးအသင်း (မူဆယ်ရုံးခွဲ) နှင့် ရွှေလီမြို့အစိုးရတို့ ပူးပေါင်း၍ မျက်စိအတွင်းတိမ်၊ အပြင်တိမ်နှင့် မျက်စိရောဂါဝေဒနာရှင်များအား တရုတ်ဘက်မှ မျက်စိရောဂါ အထူးကုဆရာဝန်ကြီးများဖြင့် စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီး ရွှေလီမြို့ပြည်သူ့ဆေးရုံကြီးတွင် (အခမဲ့) ခွဲစိတ်ကုသပေးသွားမည် ဖြစ်သောကြောင့် ကြိုတင်အမည်စာရင်း ကောက်ခံနေကြောင်းသိရသည်။

### စာရင်းပေးကုသနိုင်

မြန်မာ – တရုတ်ချစ်ကြည်ရေးအသင်း(မူဆယ်ရုံးခွဲ) ဥက္ကဋ္ဌ ဦးရှင်ဖူး ဦးဆောင်သော အသင်းမှ တာဝန်ရှိသူများသည် ယခင်ကလည်း မူဆယ်နယ်စပ်ဒေသတွင် မျက်စိရောဂါ ဝေဒနာရှင်များအား တရုတ်ဘက်မှ မျက်စိအထူးကု ဆရာဝန်ကြီးများဖြင့် ချိတ်ဆက်၍ စမ်းသပ်ခွဲစိတ်ကုသပေးမှုများရှိခဲ့ကြောင်း၊ တိုင်းရင်းသား ပြည်သူများ မည်သူမဆို မျက်စိရောဂါဝေဒနာကုသလိုသူများ၊ စာအုပ်အနီရှိသူများအပြင် ယခုအခါ မူဆယ် – ရွှေလီခရီးသွားအစိမ်းကတ်များ ထုတ်ပေးနေပြီးဖြစ်သဖြင့် မျက်စိဝေဒနာရှင်များ အမြန်ဆုံးစမ်းသပ်စစ်ဆေးရန်နှင့် ဆေးကုသမှု ခံယူနိုင်ရန်အတွက် ဦးရန်ဆူမြင့်နှင့် ဦးအားမြင့် ဦးစီးအဖွဲ့က တရုတ်ဘုံကျောင်း၌လည်းကောင်း၊ ဦးအုန်းမောင် (ရွှေညာသားမြတ်မင်း) မြန်မာ–တရုတ်ချစ်ကြည်ရေး အသင်း (မူဆယ်ရုံးခွဲ) ရုံးအဖွဲ့မှူးထံ၌ လည်းကောင်း၊ ဦးသန့်ဇင် (တပ်ခွဲမှူး) မိုင်းယု (၁၀၅) မိုင် ကြက်ခြေနီအသင်းရုံး၌ လည်းကောင်း အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။

### အခမဲ့ခွဲစိတ်ကုသပေးမည်

မူဆယ်မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ မျက်စိဝေဒနာရှင် ၃၀ ကျော်၊ မိုင်းယု (၁၀၅) မိုင်ကျေးရွာနှင့် မန့်မော်ကျေးရွာ၊ ရွာမကျေးရွာများတွင် မျက်စိဝေဒနာရှင် ၂၀ ကျော် စာရင်းကောက်ခံထားရှိပြီးကြောင်းနှင့် ကုသလိုသူများ အမြန်ဆုံးစာရင်း ပေးသွင်းနိုင်ပါကြောင်း၊ တရုတ်ဘက်မှ မျက်စိအထူးကု ဆရာဝန်ကြီးများ ကိုယ်တိုင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးမည်ဖြစ်ပြီး ခွဲစိတ်ရန်လိုအပ်သူများကို ရွှေလီမြို့ ပြည်သူ့ဆေးရုံကြီးတွင် (အခမဲ့) ခွဲစိတ် ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင် (မြန်မာ့အလင်း)**

❑ *ကျောဖုံးမှ*

ပွဲအစပိုင်းတွင် ဖူလ်ဟမ်အသင်း၏ ကစားပုံ ဟန်ချက်ပျက်နေခဲ့ပြီး ချယ်ဆီးအသင်း၏ ဖိအားပေး တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။ သို့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်နိုင်ခဲ့သည့်အတွက် အကြိတ်အနယ်ရှိလာခဲ့သည်။

### ဦးဆောင်ဂိုးရရှိ

ပွဲချိန် ၁၈ မိနစ်တွင် ကိုးဝဲလ်၏ ဖန်တီးမှုကို မူဒရစ်က ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည့်အတွက် ချယ်ဆီးအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဦးဆောင်ဂိုး ရရှိပြီးနောက် တစ်မိနစ်အကြာတွင် ချယ်ဆီးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ပြိုင်ဘက်ကစားသမား၏ အမှားမှ ရရှိလာသည့် အခွင့်အရေးကို ဘရိုဂျာက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ဖူလ်ဟမ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ဂိုးမရဘဲ အပြန်အလှန်ကစားရင်း ပွဲအပြီးတွင် ချယ်ဆီးတို့ နှစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

### မူဒရစ်၏ ပထမဆုံးဂိုး

ဇန်နဝါရီလတွင် ရှက်တာဒိုးနက်ခ်အသင်းမှ ချယ်ဆီးအသင်းသို့ ပေါင် ၈၉ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာသော မူဒရစ်သည် အသင်းအတွက် ပထမဆုံးသွင်းဂိုးကို ယခုပွဲစဉ်တွင်မှ သွင်းယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ချယ်ဆီးအသင်းက ယခုပွဲအနိုင်ရရှိမှုကြောင့် ခုနစ်ပွဲကစားပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် သုံးပွဲရှုံးရလဒ် ရရှိထားသည်။ ပြိုင်ဘက်ဖူလ်ဟမ်အသင်းကလည်း ခုနစ်ပွဲကစားပြီး နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် သုံးပွဲရှုံးရလဒ်ရရှိထားသည်။

**အောင်ဇော်**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၌ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး ဝန်ကြီးများသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ကျီစုအရှေ့ကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များပူးပေါင်း၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှု**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝန်ထမ်းများနှင့် ကော်မတီဝင်များက ကျီစုကျေးရွာအတွင်း တစ်အိမ်တက်ဆင်း သွားရောက်၍ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ အိမ်ထောင်စုဆိုင်ရာ မေးခွန်းအချက်အလက်များ မေးမြန်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများအား စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရခြင်းအကြောင်းနှင့် မှန်ကန်စွာ ဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေး ရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**မြို့နယ် ၂၀ ရွေးချယ်**

ယခု စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည့် လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းမဆောင်ရွက်မီ တစ်နှစ်အလိုဖြစ်သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ မြို့နယ် ၂၀ ကို ရွေးချယ်သတ်မှတ်၍ စုစုပေါင်း ကောက်ကွက် ၁၀၀ ကို ပြည်လုံးကျွတ်အဆင့် ကောက်ယူမည့် အစီအစဉ်အတိုင်း ကောက်ယူခြင်းဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် Mobile Tablet များ အသုံးပြုကာ Computer Ass-isted Personal Interviewing (CAPI) စနစ်ဖြင့် အစုအဖွဲ့အတွက် မေးခွန်း ၁၈ ခု၊ အိမ်ထောင်စုများအတွက် မေးခွန်း ၆၈ ခုကို မေးမြန်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။



**ဆန်းကျော်ဦး(ပြန်/ဆက်)**

# လှိုင်ကော်မြို့နယ်အတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**လှိုင်ကော် အောက်တိုဘာ ၃**

ကယားပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ယနေ့ မွန်းလွဲပိုင်းက လှိုင်ကော်မြို့ ထေးသမရပ်ကွက် ဒေါဆော်ဘီးကျေးရွာသို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများက လူဦးရေနှင့် အိမ်အကြောင်းအရာ စမ်းသပ်သန်းခေါင်စာရင်းအား တစ်အိမ်တက်ဆင်း ကောက်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဦးစွာ ကယားပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေါဆော်ဘီးကျေးရွာတွင် တစ်အိမ်တက်ဆင်း လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များမေးမြန်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုပြီး ဒေသခံပြည်သူများအား စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရခြင်းအကြောင်းနှင့် မှန်ကန်စွာဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းသည် ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း မဆောင်ရွက်မီ တစ်နှစ်အလိုဖြစ်သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းကို ကယားပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် လှိုင်ကော်မြို့နယ်၌ စာရင်းကောက်ကွက် နှစ်ခုဖြစ်သည့် ဒေါဆော်ဘီးကျေးရွာနှင့် ရွှေတောင်ရပ်ကွက်တို့၌ လူဦးရေနှင့် အိမ်အကြောင်းရာသန်းခေါင်စာရင်းအား Mobile Tabletများ အသုံးပြုပြီး CAPI နည်းစနစ်ဖြင့် တစ်အိမ်တက် တစ်အိမ်ဆင်း စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်များ မွမ်းမံပြင်ဆင်နေမှုနှင့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေမှု သွားရောက်ကြည့်ရှုစစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၃**

ဩဂုတ် ၄ ရက်က မီးလောင်ကျွမ်းမှုကြောင့် နှစ်ထပ်စာသင်ဆောင်အား တစ်ထပ်ကျောင်းဆောင်အဖြစ်နှင့် သုံးထပ်စာသင်ဆောင်အား နှစ်ထပ်ကျောင်းဆောင်အဖြစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စာသင်ကြားမှုအပိုင်းတွင် အခက်အခဲ မရှိစေရေးအတွက် အားလုံးဝိုင်းဝန်း ကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာသင်ကျောင်းဆောင်များအတွင်း ကလေးငယ်များ ပညာသင်ကြားနေမှုကိုလည်းကောင်း၊ နှစ်ထပ်ကျောင်းဆောင် ပြုပြင်မွမ်းမံနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာတွင် အသစ်ဆောက်လုပ်လျက်ရှိသော အလျားပေ ၁၀၀၊ အနံပေ ၃၀ R.C.C သုံးထပ်အဆောက်အဦသစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းမီစွာဖြင့် စေတနာထား ဆောက်လုပ်ရန် မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ ပူးပေါင်းပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုအားပေးပြီး (ဝဲပုံ) ဒေသခံပြည်သူများအား စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရခြင်းအကြောင်းနှင့် မှန်ကန်စွာဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး ရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သက်နိုင် (မော်လမြိုင်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၃**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့နှင့် မြေပုံမြို့တို့တွင် ၃ ဒသမ ၃၈ လက်မစီ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၅၅ လက်မ၊ ပေါက်တောမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ရသေ့တောင်မြို့တွင် ၂ ဒသမ ၃၀ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ရန်ကုန်(ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)တွင် ၁ ဒသမ ၈၉ လက်မ၊ မောင်တောမြို့တွင် ၀ ဒသမ ၈၁ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် တောင်ကုတ်မြို့တွင် ၁ ဒသမ ၅၄ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးအတွက် လတ်တလောကာလ၊ ကာလတို၊ ကာလရှည် စီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ အောက်တိုဘာ ၃**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးအတွက် လတ်တလောကာလ၊ ကာလတို၊ ကာလရှည် စီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)နှင့် ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ စာရင်းတွေ့ရှိချက်များနှင့် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့(ASEAN- ERAT)အဖွဲ့တို့၏ အစီရင်ခံစာပါတွေ့ရှိ ချက်များကို နှိုင်းယှဉ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့သည့်အပေါ်တွင် နိုင်ငံတော်အကြီးအကဲ၏ မှတ်ချက်ပြု ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လတ်တလောကာလ၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများရေးဆွဲထားရှိမှုအပေါ် ဆွေးနွေးသုံးသပ်အတည်ပြုရန် ညှိနှိုင်းအစည်းအဝေးပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ရေးဆွဲရာတွင်လည်း ယခင်အစည်းအဝေးတွင် မှာကြားခဲ့သကဲ့သို့ အမှန်တကယ် အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းများဖြစ်စေရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ရေးဆွဲထားသည့် စီမံကိန်းလုပ်ငန်းများသည် မူလစီမံကိန်းနှင့်ချိတ်ဆက်မိပြီး မြေပြင်တွင် လက်တွေ့ဆောင်ရွက်မည့်လုပ်ငန်းများကို ရေးဆွဲတင်ပြရန်၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရန်၊ ကာလရှည်ဆောင်ရွက်မည့် အစီအစဉ်များကို ၂၀၂၄-၂၀၂၅ နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်များအထိ ပြည့်ပြည့်စုံစုံရေးသားပြုစုရန်၊ စီမံကိန်းရေးဆွဲရာတွင်လည်း မိမိတာဝန်ယူနိုင်သည့်အပိုင်း၊ မိမိဌာန၏ ရည်မှန်းချက်၊ ချမှတ်ထားသည့် စီမံကိန်းများအပေါ် သွေဖည်မသွားအောင် စနစ်တကျစီမံရေးဆွဲရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် လတ်တလောကာလ၊ ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲပြုစုရေးကော်မတီအတွင်းရေးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်က လတ်တလောကာလ ဆောင်ရွက်ပြီးစီးမှုများ ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားခြောက်လသင်တန်းနှင့် လူထုကျန်းမာရေးလုပ်သား တစ်လသင်တန်းဆင်းပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၃**

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားခြောက်လသင်တန်းနှင့် လူထုကျန်းမာရေးလုပ်သား တစ်လသင်တန်းဆင်းပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကိုယ်ဝန်ဆောင်မိခင်တိုင်း ကိုယ်ဝန်စောင့်ရှောက်မှု ခံယူရန်၊ ကျွမ်းကျင်သူနှင့် မွေးဖွားခြင်းတို့သည် မိခင်နှင့်ကလေးကျန်းမာရေးအတွက် အရေးကြီးဆုံးအခြေခံအချက်များဖြစ်ရာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြသော အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုကြား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ဆောင်ရွက်ပေးရန်မှာ အရန်သားဖွားနှင့် လူထုကျန်းမာရေးလုပ်သားတို့၏ ပဓာနအကျဆုံးတာဝန်ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးခဲ့သည့် ကျွမ်းကျင်မှုဆိုင်ရာအကြောင်းအရာအချက်အလက်များသည် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်မိခင်နှင့်ကလေးနှစ်ဦးစလုံး၏ ကျန်းမာရေးအတွက် အလွန်အရေးကြီးသော အချက်အလက်များဖြစ်သကဲ့သို့ မိမိရပ်ရွာဒေသသို့ပြန်လည်ရောက်ချိန်တွင်လည်း ပြည်သူလူထုတစ်ရပ်လုံးအတွက် လွန်စွာ အရေးပါလှသည်ဖြစ်ရာ စေတနာဖြင့် ကြိုးစားလုပ်ဆောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အရန်သားဖွား ခြောက်လသင်တန်း သင်တန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး (ယာပုံ) သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ကာ အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်နေကြသော ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် အထွေထွေအသုံးစရိတ်ငွေကျပ် သုံးသိန်းနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၆ ဒသမ ၈၄၀ သန်းဖြင့် ဖာပွန်ကျေးရွာ ရေရရှိရေးလုပ်ငန်း အိမ်ခြေ ၂၇၅ အိမ်အကျိုးပြုမည့် လေးလက်မ စက်ရေတွင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်၊ (350 W) ဆိုလာရေတင်စနစ် လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြဝတီမြို့၌ မြို့နယ်ပညာရေးမှူးဖလားအခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မြဝတီ အောက်တိုဘာ ၃**

မြဝတီမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က အခြေခံပညာ အထက်တန်းကျောင်း(ရွှေကုက္ကိုလ်မြိုင်) ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းရွှေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား အသက် ၁၈ နှစ်အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် အသက် ၁၃ နှစ်၊ ၁၆ နှစ်နှင့် ၁၈ နှစ်အောက် ဘောလုံးအားကစားသမားများ၊ အသင်းလိုက် အုပ်ချုပ်သူများက ကွင်းအတွင်း နေရာယူပြီးနောက် ပြိုင်ပွဲကို ကျင်းပသည်။



ထိုသို့ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပပေးခြင်းအားဖြင့် ကျောင်းသားကျောင်းသူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အသင်းလိုက် စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စနစ်သစ်ပညာရေးတွင် ဘက်စုံထူးချွန်ထက်မြက်နေစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း
(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ပဆငမှ ဘဲချောင်းရွာဝင်လမ်း ကွန်ကရစ်ခင်းခြင်း (၀/၂ ဒသမ ၈၆ မိုင် x ၁၂ ပေ x ၇ လက်မ) လုပ်ငန်းအား တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွေးကိုကိုနှင့် မြောင်းမြခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်သန္တာဝင်းတို့ အောက်တိုဘာ ၃ ရက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

ဟိန်းထက်လင်း(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၃**

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက ရင်ပြင်တော် အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဒါယကာ၊ ဒါယိကာမများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အောင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပြီး ဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဏ္ဍလက အောင်ခြင်းရှစ်ပါးဂါထာတော်ကို ရွတ်ဖတ်ကာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာ မယ်ဇယ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်သည်။

ထို့နောက် ဒါယကာ၊ ဒါယိကာမများက နဝကမ္မနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းကြပြီး ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော် ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ သာယာကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသာမိက ရေစက်သွန်းချ အနုမောဒနာတရားချီးမြှင့်ကာ ရင်ပြင်တော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာသိပ္ပက နတ်ပြဟ္မများ ပို့ဆောင်၍ ဆရာတော်သံဃာတော်များနှင့်ဒါယကာ ဒါယကာမများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ရွတ်ဆိုကာ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သီလရှင် ဆရာကြီးများ ဆွမ်းအခက်အခဲ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့် ဝန်ထမ်းများက ဟိုပန်မြို့နယ် မန်မိုင်ဘုန်းတော်ကြီးကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုဇာတ ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မောင်တောမြို့၌ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမှု တာဝန်ရှိသူများ ကြည့်ရှုအားပေး

**မောင်တော အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မြေပြင်တစ်အိမ်တက်ဆင်း စမ်းသပ်သန်းခေါင်စာရင်း ဆက်လက်ကောက်ယူခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့မအနောက်ရပ်ကွက် ကောက်ကွက်တစ်ကွက်တွင် စာရင်းကောက်အဖွဲ့မှ အဖွဲ့များခွဲ၍ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူလျက်ရှိရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနေဦးနှင့် ကော်မတီအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မောင်တောမြို့နယ်အတွင်းရှိ မြေပြင်တစ်အိမ်တက်ဆင်း စမ်းသပ်သန်းခေါင်စာရင်းစတင်ကောက်ယူရာတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများအနက် မြို့မအနောက်ရပ်ကွက် ကောက်ကွက်တစ်ကွက်တွင် စာရင်းကောက်ယူရေးအဖွဲ့ သုံး ဖွဲ့ဖြင့် နှစ်ရက်တာကောက်ယူလျက်ရှိပြီး မင်္ဂလာကြီးကျေးရွာအုပ်စုတွင် ကောက်ကွက် ငါးကွက်ရှိရာ ကောက်ကွက်တစ်ကွက်တွင် စာရင်းကောက်ယူရေးအဖွဲ့သုံးဖွဲ့ဖြင့် အောက်တိုဘာ ၃ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည်ဖြစ်သည်။ အဆိုပါ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့များအနေဖြင့် တိကျမှန်ကန်မြန်ဆန်စွာ ကောက်ယူနိုင်ရေး ဌာနဆိုင်ရာများပါဝင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မတီများအလိုက် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံ့အနာဂတ်အတွက် ပညာရေးပန်းများ ပွင့်လန်းစေချင်"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမှားကို အမှန်လုပ် အကျိုးယုတ် မျိုးပြုတ်သင့်သည့် မီဒီယာ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ် အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက် အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် အောက်တိုဘာ ၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ် - ၁၉ ကပ်ရောဂါကာကွယ်ဆေး ရှေ့ဆောင်တီထွင်သူ သိပ္ပံပညာရှင်နှစ်ဦး နိုဘယ်ဆု ချီးမြှင့်ခံရ

စတော့ဟုမ်း အောက်တိုဘာ ၃

**ကပ်ရောဂါခြိမ်းခြောက်မှုကို တွန်းလှန်ပြောင်းလဲစေခဲ့သည့် ရှေ့ဆောင်တီထွင်တွေ့ရှိချက်များကြောင့် သိပ္ပံ ပညာရှင်နှစ်ဦးကို ဆေးပညာဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ပေးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

ကာတာလင် ကာရီကိုနှင့် ဒရူး ဝစ်မန်းတို့ကို ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရန်အတွက် အခြေခံလုပ်ငန်းများ ချမှတ်နိုင်ခဲ့သောကြောင့် အောက်တိုဘာ ၂ ရက်တွင် နိုဘယ်ဆုပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနှင့်ချီသောအသက်များကို ကယ်တင်နိုင်ခဲ့**

နိုဘယ်ဆုရှင်များအနေဖြင့် သမိုင်းတစ်လျှောက် လူသားများ၏ ကျန်းမာရေးကို အဆိုးရွားဆုံးခြိမ်းခြောက်မှုများထဲမှတစ်ခုနှင့် ရင်ဆိုင်နေရချိန်အတွင်း ကိုဗစ်ကာကွယ်ဆေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ပံ့ပိုးပေးခဲ့သည်ဟု နိုဘယ်ဆုရှင်ရွေးချယ်ရေးအဖွဲ့ဝင်များက ပြောသည်။ ထို့အပြင် ၎င်းတို့သည် သန်းနှင့်ချီသော အသက်များကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ဆိုးရွားသော ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကို တားဆီးကာကွယ်နိုင်ခဲ့ကြောင်း၊ ရောဂါဖြစ်ပွားမှု ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ခဲ့ကြောင်းနှင့် လူမှုအဖွဲ့အစည်းကိုလည်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း စတော့ဟုမ်းမြို့အနီး ကာရိုလင်စကာ အင်စတီကျူမှ နိုဘယ်ဆုချီးမြှင့်ရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော ရစ်ကာ့ဒ် ဆန်းဘာ့ဂ်က ပြောသည်။

**messenger RNA မော်လီကျူးများကို ဖန်တီးနိုင်ခဲ့**

ကာတာလင် ကာရီကိုနှင့် ဒရူး ဝစ်မန်းတို့သည် messenger RNA ကာကွယ်ဆေးဟု လူသိများကြသော မော်လီကျူးများကိုလည်း ဖန်တီးနိုင်ခဲ့ကြောင်းနှင့် ထိုကဲ့သို့ မော်လီကျူးများက ရောဂါကူးစက်ဖြစ်ပွားမှုကို ကာကွယ်ရာတွင် ဆဲလ်များကို ပံ့ပိုးပေးကြောင်း သိရသည်။




**ကင်ဆာနှင့် အသက်ဆုံးရှုံးနိုင်သော အခြားရောဂါများကို ကာကွယ်နိုင်မည်ဟုမျှော်လင့်**

တစ်ချိန်ချိန်တွင် ထိုကဲ့သို့ ကာကွယ်ဆေးများက ကင်ဆာနှင့် အသက်ဆုံးရှုံးနိုင်သော အခြားရောဂါများကို ကာကွယ်ဟန့်တားရာတွင်လည်း ကူညီပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းတို့က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ လာဝူတောင်၌ တောမီးလောင်ကျွမ်း ဟက်တာ ၁၁၀၀ အထိ ကူးစက်ပျံ့နှံ့လျက်ရှိ

ဂျကာတာ အောက်တိုဘာ ၃

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ လာဝူတောင်တွင် တောမီးလောင်မှုသည် ဟက်တာ ၁၁၀၀ အထိ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း အောက်တိုဘာ ၃ ရက်တွင် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ပင်လယ်ရေမျက်နှာပြင် အထက် ၃၂၆၅ မီတာမြင့်ပြီး ခြေလျင်တောင်တက်ခရီးသည်များအား ဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည့် အဆိုပါတောင်မှာ ဂျာဗားပြည်နယ်အလယ်ပိုင်း ကာရန် ဂန်ယာဒေသနှင့် အရှေ့ဂျာဗားပြည်နယ် မီဂါတန်နှင့် ငွါဝီဒေသတို့၏ နယ်စပ်တွင် ရှိသည်။ တောမီးလောင်ကျွမ်းမှုကြောင့် ထိခိုက်သေဆုံးသူမရှိကြောင်းနှင့် မီးကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အရှေ့ဂျာဗားပြည်နယ် ဘေးအန္တရာယ်လျှော့ပါးရေးအေဂျင်စီ၏ ယာယီအကြီးအကဲဖြစ်သူ ဂတ်တော့ဆို ဘရိုတို၏ ပြောကြားချက်အရ ပြီးခဲ့သည့် သောကြာနေ့က အရှေ့ဂျာဗားပြည်နယ်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဂျာဗားပြည်နယ် အလယ်ပိုင်းသို့ ကူးစက်ပျံ့နှံ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငွါဝီရဲတပ်ဖွဲ့အကြီးအကဲ အာဂို ဝီယိုနိုသည် ၎င်းတို့အနေဖြင့် တောမီးလောင်ကျွမ်းရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း ပြောသည်။ **ဆင်ဟွာ**





# ဘန်ကောက်မြို့လယ်ကောင်ရှိ ဈေးဝယ်ကုန်တိုက်အတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး လူသုံးဦးသေဆုံး

**ဘန်ကောက် အောက်တိုဘာ ၃**

ထိုင်းနိုင်ငံရှိ လူသိများသော ဈေးဝယ်ကုန်တိုက်တစ်ခုအတွင်း သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်၌ အောက်တိုဘာ ၃ ရက်တွင် ဖော်ပြခဲ့သည်။

သေနတ် ပစ်ခတ်မှုကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။

ဘန်ကောက်မြို့လယ်ကောင်ရှိ ဈေးဝယ်ကုန်တိုက်အတွင်း ဈေးဝယ်သူများ ဝရုန်းသုန်းကား လမ်းမဘက်သို့ ပြေးလွှားနေကြသည်ကို ဗီဒီယိုတွင် ဖော်ပြထားသည်။

သံသယရှိသူအဖြစ် အသက် ၁၄ နှစ်အရွယ်ဆယ်ကျော်သက်တစ်ဦးကို ရဲများက ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

သေနတ် ပစ်ခတ်ရသည့် အကြောင်းရင်းမှန်ကို မသိရသေးသည့်အတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ကိုအီနူ ဂျပန်နိုင်ငံ အိုကီနာဝါခရိုင်သို့ ချဉ်းကပ်လာ

**တိုကျို အောက်တိုဘာ ၃**

အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ကိုအီနူသည် ဂျပန်နိုင်ငံ အိုကီနာဝါခရိုင် အနောက်တောင်ဘက် ဆာကီရှီမာကျွန်းဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာပြီဖြစ်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောသည်။

မိုးလေဝသအေဂျင်စီက ဆာကီရှီမာကျွန်းတွင် လေပြင်းတိုက်ခတ်မှုများနှင့် လှိုင်းကြီးလာမည့် အခြေအနေကို သတိပေးထားသည်။

မိုးလေဝသ အေဂျင်စီက မုန်တိုင်းသည် မွန်းလွဲ ၃ နာရီတွင် အိုကီနာဝါ တောင်ဘက်ပင်လယ်ပြင်ကိုဖြတ်ပြီး တစ်နာရီလျှင် ၁၀ ကီလိုမီတာနှုန်းဖြင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ကြောင်း ပြောသည်။

ကိုအီနူသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၆၂ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်မည်ဖြစ်ပြီး မုန်တိုင်း၏ ဗဟိုတွင် တစ်နာရီလျှင် လေတိုက်နှုန်း ၂၃၄ ကီလိုမီတာအထိ တိုက်ခတ်မည်ဖြစ်သည်။

ဆာကီရှီမာကျွန်းရှိ ယာအီယာမာဒေသတွင် ပင်လယ်လှိုင်းများမှာ ၇ မီတာအထိရောက်ရှိနိုင်ပြီး မီယာကိုဂျီမာဒေသတွင် ၆ မီတာနှင့် အိုကီနာဝါဒေသတွင် ၄ မီတာအထိရှိမည်ဖြစ်ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ၌ မိုးသည်းထန်ရေကြီးမှုကြောင့် အိမ်ထောင်စု ၁၀၀၀ ကျော် ရေဘေးဒုက္ခကြုံတွေ့

**ဘန်ကောက် အောက်တိုဘာ ၃**

ထိုင်းပြည်သူများသည် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းခြင်းကို ကြုံတွေ့ခံစားခဲ့ရသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြစ်ချောင်းများ ရေလျှံခြင်းက အဓိက ရေကြီးရေလျှံမှုများကို ဖြစ်စေသည်။ လာမည့်သီတင်းပတ်များတွင် မိုးပိုလာမည်ဖြစ်ကြောင်း မိုးလေဝသအရာရှိများက ပြောသည်။ ထို့အပြင် ပြည်သူများကို လျှပ်တစ်ပြက်ရေကြီးမှုနှင့် ကြုံတွေ့နိုင်ကြောင်း သတိပေးခဲ့သည်။

ထိုင်းနိုင်ငံ ဆူခိုထိုင်းပြည်နယ်တွင် မြစ်ရေလျှံမှုကြောင့် လူနေဒေသများ ရေနစ်မြုပ်ခဲ့ပြီး အိမ်ထောင်စု ၁၀၀၀ ကျော် ရေဘေးဒုက္ခရောက်ခဲ့ရသည်။

မြစ်ရေလျှံခြင်းကို ကာကွယ်ရန် တာဝန်ရှိသူများနှင့် ဒေသခံများသည် သဲအိတ်များကို အသုံးပြုပိတ်ဆို့ကာ ရေတားခဲ့ကြသည်။

ဝန်ကြီးချုပ် ဆရက်သာ သာဗီစင်က ရေဘေးသင့်ဒေသများကို အထူးအလေးပေးရန် သက်ဆိုင်ရာ အေဂျင်စီများကို တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ သဃ်န်းကျွန်းခရိုင်(က)အသင်း တံခွန်စိုက်ဖလားဆွတ်ခူး



**ရန်ကုန် အောက်တိုဘာ ၃**

၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယ ကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ၂ ရက်က ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့်နှင့်အတူ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် တစ်ဦးချင်း စိတ်ကြိုက်၊ သုံးယောက်တွဲ၊ ကိုးယောက်တွဲပြိုင်ပွဲများယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ကိုးယောက်တွဲပြိုင်ပွဲတွင် ဒုတိယ၊တတိယ ဆုရရှိကြသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး အတွင်းရေးမှူး၏ဇနီးက ကိုးယောက်တွဲပြိုင်ပွဲ ပထမဆုရရှိသူကိုလည်းကောင်း၊တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများက သုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း ချီးမြှင့်ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၏ဇနီးက တစ်ဦးချင်း စိတ်ကြိုက်ပြိုင်ပွဲတွင် တတိယဆုရ အလုံခရိုင်(က) အသင်းမှ မဟေမာန်ဂတီကို လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီးက တစ်ဦးချင်း စိတ်ကြိုက်ပြိုင်ပွဲတွင် ဒုတိယဆုရ အလုံခရိုင်(ခ)အသင်းမှ မလမင်းဖူးပြည့်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက တစ်ဦးချင်းစိတ်ကြိုက်ပြိုင်ပွဲတွင် ပထမဆုရ သဃ်န်းကျွန်းခရိုင်(က) အသင်းမှ မသွန်းသရဖဏ်အား လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ကိုယ်စား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်က တံခွန်စိုက်ဆုရရှိသွားသော သဃ်န်းကျွန်း ခရိုင် (က) အသင်းအား ဆုဖလား နှင့် ငွေသားဆုချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်(ဓာတ်ပုံ)။ ယင်းပြိုင်ပွဲတွင် အသင်းရှစ်သင်း၊ အားကစားသမား ၉၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **အာကာစိုး**

# မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ(၂၀၂၀) ဖြင့် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃**

တောင်သူများ၏ လူမှုစီးပွားဘဝ ပြောင်းလဲ တိုးတက်လာရေးနှင့် လယ်ယာထွက် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့ ရောင်းချနိုင်ရေး အတွက် သီးနှံအရည်အသွေး ပြည့်မီကောင်းမွန်ရန် လိုအပ်သည့်အပြင် ကုန်သွယ်ဖက်နိုင်ငံ၏ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အပင်ပိုးမွှား ကင်းရှင်းရေး အစီအမံများ ( Sanitary and Phytosanitary-SPS) ဆိုင်ရာ လိုအပ်ချက်များအား ပြည့်မီစွာ ထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော စီမံကိန်းအောင်မြင်ပြီးမြောက်သည့် အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကား ပြောကြားကြပြီး စီမံကိန်းတာဝန်ခံက မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေအစီအစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ စီမံကိန်း ၁၉ ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့ကျင်းပသော သီးနှံကာကွယ်ရေးဌာနခွဲက တာဝန်ယူဆောင်ရွက်ခဲ့သည့် စီမံကိန်းကို မဲခေါင်-လန်ချန်း စီမံကိန်းများ၏ တတိယအသုတ်အဖြစ် စီမံကိန်းဒေသများဖြစ်သော ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် သီးနှံကာကွယ်ရေးဌာနခွဲ(ရန်ကုန်) တို့တွင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊

လတ်ဆတ်သော သစ်သီးဝလံများအပါအဝင် လယ်ယာထွက်ကုန်များကို နိုင်ငံတကာ ကုန်သွယ်မှုဆောင်ရွက်ရာတွင် မိမိနိုင်ငံ၏ လူ၊ အပင်နှင့် တိရစ္ဆာန်တို့၏ ကျန်းမာရေးအား သွင်းကုန်နှင့်အတူ ပူးတွဲပါရှိလာမည့် အန္တရာယ်ကြီးမားသော သီးနှံဖျက်ပိုးများနှင့် အစားအစာဘေးအန္တရာယ်များမှ ကာကွယ်ရန် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေး အစီအမံများ (Sanitary and Phytosanitary Measures: SPS Measures) များကို နိုင်ငံအသီးသီး၌ ရေးဆွဲပြဋ္ဌာန်းပြီး ဘေးကင်းလုံခြုံရေး အစီအမံအဖြစ် ကျင့်သုံးလာလျက်ရှိရာ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာသို့ အဆင်ပြေချောမွေ့စွာ တင်ပို့ရောင်းချနိုင်ရန်အတွက် ယခု စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းတွင် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်တင်းခြင်းနှင့် ဓာတ်ခွဲခန်း အဆင့်မြှင့်တင်ခြင်း၊ ထိန်းချုပ်ဖျက်ပိုးဆိုင်ရာ စစ်တမ်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖျက်ပိုး ကာကွယ်နှိမ်နင်းခြင်းနှင့် အရည်အသွေးကောင်း သစ်သီးများထုတ်လုပ်မှု စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပညာသင်တန်းများ၊ နိုင်ငံတကာကုန်သွယ်ရေးတွင် အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အပင်ပိုးမွှား ကင်းရှင်းရေး ကဏ္ဍများဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တီးတိန်မြို့ တောင်တန်းသာသနာပြု ဗဟိုဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများရှိ သံဃာတော်များနှင့် သီလရှင်များ ဝါတွင်းကာလ ဆွမ်း၊ ကွမ်း အဆင်ပြေစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး) ကွပ်ကဲမှုအောက်ရှိ တီးတိန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကိမ်ဒိုက်ဖုံနှင့် ဝန်ထမ်းများက ယမန်နေ့က ချင်းပြည်နယ် တီးတိန်မြို့ တောင်တန်းသာသနာပြု ဗဟိုဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သန်းမင်းအောင်(သတင်းစဉ်)**



## ပူတာအိုမြို့နယ် ဆန်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၁၈ တန်ကျ ဆန်စက်ဖြင့် ဆန်လိုအပ်ချက်ကို ဖြည့်ဆည်း

**ပူတာအို အောက်တိုဘာ ၃**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လုံးစွတ်ရပ်ကွက်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် ပထမဆုံးတည်ဆောက်ထားသည့် ဆန်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမ အသင်းလီမိတက်၏ ၁၈ တန်ကျဆန်စက်သည် **(ယာပုံ)** ယခုနှစ် ဇွန် ၁၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဆန်စက်မှ သုံးလအတွင်း စပါးတင်းပေါင်း ၁၆၅၆၂ တင်း ကြိတ်ခွဲနိုင်ခဲ့ရာ ဆန်အနေဖြင့် တင်းပေါင်း ၇၅၀၀ ကျော် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ဆန်စက်အသေးဖြင့် ကြိတ်ခွဲမှုထက် စပါး ၁၀ တင်းလျှင် စပါးတစ်တင်းခွဲ ပိုမိုထွက်ရှိသဖြင့် ပူတာအိုဒေသ ဝမ်းစာဖူလုံရေးအတွက် ဆန်လိုအပ်ချက်ကို အမှန်တကယ် တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်သည်။ ဆန်စက်မှထွက်ရှိသည့် ဖွဲနု၊ စပါးခွံများကို တိရစ္ဆာန်အစာအဖြစ် လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် လည်းကောင်း အကျိုးရှိစွာ အသုံးပြုနိုင်ပြီး ယခုအဆင့်မြင့် ၁၈ တန်ကျ ဆန်စက်တည်ရှိလာသဖြင့် ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိနေပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အောက်တိုဘာ ၁ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးခင်ညိုဦးက သဘာပတိအဖြစ် ဆောင်ရွက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်က အမှာစကားပြောကြားပြီး အသင်းသားများသို့ အစုပေါ်အမြတ်ငွေကျပ် ၁၅၉ ဒသမ ၈ သိန်းနှင့် အသင်းသား လက်ဆောင်အဖြစ် ငွေကျပ် ၇၉ ဒသမ ၉ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# နိုင်ငံနဲ့ လူ့အဖွဲ့အစည်းရဲ့အနာဂတ်ဟာ ဆရာများရဲ့ပခုံးပေါ်မှာပါ

ဒေါက်တာမောင်သင်း

"ဆရာတိုင်းတော်၍ ကောင်းနေကြပါမှ ပညာရေးပေါ်တွင် တည်မှီနေသော နိုင်ငံတော် ကောင်းလာနိုင်မည်။ ဆရာတို့သည် မိမိတို့လက်ဝယ်ဆုပ်ကိုင်ထားသည့် အနာဂတ်နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းအား အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပေးကြပါ။"

မာဆာတိုရှီ-ကိုရှီဘာ
(၂၀၀၂ - ဂျပန်ရူပဗေဒနိုဘယ်ဆုရှင်)

ဂျပန်ပညာရှင်ကြီးကဲ့သို့ပင် လက်ရှိ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း၏ အဆိုတစ်ခုကိုလည်း ဖော်ညွှန်းခဲ့ဖူးပါသည်။ ၎င်းမှာ **"ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာခြင်းဟာ သူ့နိုင်ငံသားတွေ ကောင်းကြတော်ကြလို့ပါ။ ကောင်းသလောက် တော်ကြတဲ့နိုင်ငံသားတွေကြွယ်ဝဖို့တော့ အဲဒီနိုင်ငံရဲ့ ပညာရေးမှာ အရည်အသွေးမြင့်တဲ့ ဆရာတွေရှိနေမှ ဖြစ်မှာပါ"** ဖြစ်ပါသည်။

မြန်မာ့လူမှုအသိုင်းအဝိုင်းက ဆရာသည် အနန္တဂိုဏ်းဝင်ဖြစ်ရုံသာမက နိုင်ငံ့အရေးအရာ၊ နိုင်ငံ့အနာဂတ် ပဲ့ကိုင်ရှင်များပါ ဖြစ်လာကြပါပြီ။ နိုင်ငံ့ကံကြမ္မာဖန်တီးသူများဘဝကို ပိုင်ဆိုင်နေပါပြီဟု နိဒါန်းချီပါရစေ။ ဤသို့ဆိုလျှင် အဆိုပါ နိုင်ငံတကာအမြင်ကို စတင်ခံယူကျင့်သုံးရမှာက မြန်မာ့ဆရာများကိုယ်တိုင်ပင်တည်း။ ကိုယ့်မြင့်မြတ်သည့်တာဝန်နှင့် တန်ဖိုးကို ဆရာများကိုယ်တိုင်က အရင်ဆုံးခံယူတတ်ပြီး နေထိုင်ကျင့်ကြံကာ အရည်အသွေးကို ဖြည့်ဆည်းနေနိုင်ပါမှ ကိုယ်လေ့ကျင့်ပေးရမည့် တပည့်များ၏ တန်ဖိုးကိုလည်း ကြည့်တတ်၊ မြင်တတ်ကာ မြင့်မားအောင် လေ့ကျင့်ပေးနိုင်ကြမည်ဖြစ်ပါသည်။

နောက်ဆုံးတွင် အနာဂတ်မျိုးဆက်သစ်များသည် **"ဤအမိမြန်မာနိုင်ငံတွင် မွေးဖွားရခြင်း၊ မြန်မာနိုင်ငံသားဖြစ်ရခြင်းကို ဂုဏ်ယူတတ်ပြီး မိမိနိုင်ငံဂုဏ်တက်အောင် စွမ်းဆောင်ပေးမည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းလာသည်အထိ"** လေ့ကျင့်ပေးရမှာသည် တော်သလောက် ကောင်းသည့် **"ဆရာများ၏ ကြီးမြတ်သည့်တာဝန်နှင့် ဝတ္တရား"** ပင်ဖြစ်ပေသည်။

## ကျောင်းဆရာဆိုတာ ပညာရေးကို ရှေ့တန်းက ဦးဆောင်နေသူများပါ

လူတိုင်းအရည်အသွေးမြင့်မားစေရန် နိုင်ငံတိုင်းမှာ ပညာရေးအစီအစဉ်ရှိသည်။ အကောင်အထည်ဖော်မှု အနိမ့်အမြင့်သာကွာ၏။ အဆိုပါ




ပညာရေးအစီအစဉ်ကို ခေတ်အဆက်ဆက်တွင် ရှေ့တန်းက အကောင်အထည်ဖော်နေကြသည်မှာလည်း ဆရာ ဆရာမများပါ။ နိုင်ငံရေးအခြေအနေအရ "အရင်းရှင်"၊ "ဆိုရှယ်လစ်၊ ကွန်မြူနစ်"၊ "ဒီမိုကရေစီ"ဟုသာ ဖွံ့ဖြိုးမှုဆီ သွားရာလမ်း ကွဲပြားနေသော်လည်း ပညာရေးကို အကောင်အထည်ဖော်သည့်အစီအစဉ်ကတော့ ရှိမြဲပင်။

အဘယ်ကြောင့်ဆိုသော် ပညာရေးသည် လူ့အဖွဲ့အစည်းရှင်သန်မှု၏ ဝိညာဉ်ပင်ဖြစ်ပါသည်။ နိုင်ငံတည်တံ့နေသမျှ နိုင်ငံဖွံ့ဖြိုးမှုမဏ္ဍိုင်ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေသည့် ဆရာကောင်း၊ ဆရာမြတ်များလည်း ရှိနေရပေမည်။ ပညာရေးသည် ခေတ်တစ်ခေတ်အတွက်သာ မဟုတ်။ ခေတ်တိုင်း၊ မျိုးဆက်တိုင်းအတွက် ဖြစ်နေရပေမည်။ ပြီးလျှင် ခေတ်ကို ကြိုမြင်နိုင်စွမ်း ရှိရမည်။ နိုင်ငံ၊ လူ့အဖွဲ့အစည်း၏ မျိုးဆက်တိုင်း တော်သလောက်ကောင်းအောင် လေ့ကျင့်ပေးနိုင်သည့် လူတန်းစားမှာ ဆရာမှလွဲ၍ အခြားသူများ မရှိပေ။ လူသားမျိုးဆက်ကို ထက်မြက်အောင် လေ့ကျင့်ပေးပြီး အဖွဲ့အစည်းကို မြင့်မားအောင်၊ ငြိမ်းချမ်းအောင်လုပ်နေသူမှာ ဆရာများဖြစ်၍ ၎င်းတို့သည် ခေတ်အဆက်ဆက်တွင် ပညာရေး၏ ရှေ့တန်းတိုက်စစ်မှူး၊ အနာဂတ်လူ့အဖွဲ့အစည်း၏ ဖန်တီးရှင်များပင်ဖြစ်ပါသည်။ ကလေးများကို ဖတ်စာအုပ်ထဲမှ စာလောက်သာဖတ်ပြီး ပြန်သင်တတ်သည့်လုပ်ငန်းကို လုပ်နေသူများ၊ စာမေးပွဲရမှတ် ပြိုင်နေကြသူများမဟုတ်ပါဆိုတာ ထင်ရှားပါပြီ။

> ❑ **ဆရာနှင့်တပည့် မျက်နှာချင်းဆိုင်ပြီး ဆရာအတွေ့အကြုံများကို တိတိပပ လက်ဆင့်ကမ်းနိုင်သလို ကျောင်းသား၏ အားနည်းချက်၊ အားသာချက်ကိုမြင်ပြီး ပြင်ဆင်ပေးနိုင်သောကြောင့်ဖြစ်သည်။ ထို့အပြင် နိုင်ငံ့အနာဂတ်နှင့် ကျောင်းသားတစ်ဦးစီ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ထင်းနေအောင်ညွှန်ပြနိုင်စွမ်းရှိ**
>
> ❑ **ပညာစွမ်းအားဆိုသည်မှာ သင်ရိုးညွှန်းတမ်းစာအုပ်ထဲမှ ကျောင်းသင်ခန်းစာကို အခြေခံပြီး ပတ်ဝန်းကျင်ကို ကြည့်တတ်မြင်တတ်ကာ နောက်ဆုံး၌ လူ့အဖွဲ့အစည်းအကျိုးအတွက် ပြုပြင်အသုံးချနိုင်စွမ်းရှိအောင်နှင့် ကျောင်းစာသင်ခန်းနံရံကိုကျော်ပြီး ကမ္ဘာကြီး၏ ငြိမ်းချမ်းမှု၊ သာယာဖွံ့ဖြိုးမှု၊ တိုးတက်မှုများကိုမြင်အောင်၊ သိအောင်၊ နားလည်မှုရှိအောင်နှင့် လက်တွေ့ပါဝင်လုပ်ဆောင်နိုင်ခြင်းဖြစ်**

ဆရာဟူသည့် ဝိသေသကို ပိုင်ဆိုင်သူများတွင် **"ကျောင်းသင်ပညာရေး"** (Formal Education) ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေကြသော **"ကျောင်းဆရာများ"**ကိုသာ ယခုဆောင်းပါးတွင် အဓိကရည်ညွှန်းလိုပါသည်။ ကျောင်းသင်ပညာရေး (Formal Education)၊ ကျောင်းပြင်ပပညာရေး (Non-Informal Education) နှင့် ကိုယ်တိုင်သင်ယူပညာရေး (Informal Education) ဟူ၍ ပညာရေးကို အကောင်အထည်ဖော်မှု (Educational Delivery System) သုံးခုရှိသည့်အနက် ကျောင်းသင်ပညာရေးကို ရှေ့ဆုံးမှ အကောင်အထည်ဖော်နေသော ဆရာအရေအတွက်သည် အများဆုံးဖြစ်သလို အဆိုပါပညာရေးဖြင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်ကို ရှေ့တန်းက ထိထိရောက်ရောက် အကောင်အထည်ဖော်နေကြသူများလည်း ဖြစ်ကြပါသည်။

မည်သည့်အတွက်ကြောင့် ထိရောက်သည်ဟု ပြောရသည်လည်းဆိုလျှင် ဆရာနှင့်တပည့် မျက်နှာချင်းဆိုင်ပြီး ဆရာအတွေ့အကြုံများကို တိတိပပ လက်ဆင့်ကမ်းနိုင်သလို ကျောင်းသား၏ အားနည်းချက်၊ အားသာချက်ကိုမြင်ပြီး ပြင်ဆင်ပေးနိုင်သောကြောင့်ဖြစ်သည်။ ထို့အပြင် နိုင်ငံ့အနာဂတ်နှင့် ကျောင်းသားတစ်ဦးစီ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ထင်းနေအောင် ညွှန်ပြနိုင်စွမ်းရှိရန်ဖြစ်ပါသည်။

## အနာဂတ်အတွက် အသင့်ပြင်ဆင်ပေးနေသူများပါ

တကယ်တော့ **"ပညာရေးနှင့် ကျောင်းဆရာသည် ရုပ်နှင့်နာမ်"** ကဲ့သို့ပင်။ ရုပ်နှင့်နာမ် ကွဲသွားလျှင် သက်ရှိဟုခေါ်ဆို၍မရတော့ပါ။ ထို့အတူ ပညာရေး၏ ဆက်လက်ရှင်သန်မှုနှင့် ယနေ့မျိုးဆက်သစ်များ၏ လူ့အဖွဲ့အစည်းကို ခေါင်းဆောင်နိုင်မှုတို့သည် လေ့ကျင့်ပေးနိုင်သည့် ဆရာ့ပညာစွမ်းရည်ထက်မြက်မှုအပေါ် မူတည်နေပါသည်။ ဆိုလိုသည်မှာ အနာဂတ်လူ့အဖွဲ့အစည်းနှင့် နိုင်ငံ့ကံကြမ္မာသည် ယနေ့ပညာရေးကို အကောင်အထည်ဖော်နေကြသည့် ကျောင်းဆရာများ၏ လက်ဝယ်တွင် ရှိနေပါသည်။

ယနေ့ကျောင်းဆရာများ၏ တာဝန်သည် အလွန်ကြီးမားပါသည်။ ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရသူများကို **"စာသက်သက်သင်ပေးသူများ"** သို့မဟုတ် **"ဝမ်းစာအတွက် အလုပ်လုပ်နေသူများ"**ဟုလောကသာကျွန်တော်တို့ပြည်သူများက မမြင်သင့်ပါ။ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည့် ကျောင်းဆရာဆိုသည်မှာ ဖတ်စာအုပ်ထဲ စာသက်သက်သင်သည့် **"စာသင်ဆရာများ"** မဟုတ်ကြပါ။ မျိုးဆက်သစ်ကလေးများကို လူကောင်း၊ လူတော်ဖြစ်လာအောင် အနာဂတ်လူ့ဘောင်အတွက် အသင့်ပြင်ပေးလေ့ကျင့်ပေးသော **"ဘဝပဲ့ကိုင်ရှင်များ"** သို့မဟုတ် **"လူပြင်ဆရာများ"** အစစ်ပါ။ သင်ရိုးစာအုပ်ထဲမှ ကျောင်းစာသက်သက်လောက်သာ တတ်အောင်သင်ပေးတတ်သည့် **"ဆရာအတတ်ပညာစွမ်းရည် အလွန်နည်းပါးသည့်သူများ"** လည်း လုံးဝမဟုတ်ကြပါ။

အမှန်တကယ်တွင် ကျောင်းဆရာဆိုသည်မှာ နိုင်ငံ့ကံကြမ္မာ သို့မဟုတ် အနာဂတ်လူ့အဖွဲ့အစည်းကို ကောင်းမွန်အောင်ဖန်တီးကြမည့် **"လူသားရတနာများ"** ကို စွမ်းရည်တောက်ပြောင်လာအောင် ထုဆစ်ပြုပြင်ပေးနေကြသူများ ဖြစ်ပါသည်။ အနာဂတ်ဖန်တီးရှင် လူငယ်၊ လူမမည်များကို ပညာစွမ်းအားတပ်ဆင်ပေးသော **"ဆရာအတတ်ပညာစွမ်းရည်နှင့် စေတနာကြွယ်ဝမှု"**ကို ပိုင်ဆိုင်ထားသူများမှာ ဆရာများပင် ဖြစ်ပါသည်။

ပြုပြင်ပေးသည်က လူသား၏ ကောင်းမွန်သောဗီဇများဖြစ်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တဗလနှင့် ဘောဂဗလတို့ အစွမ်းကုန် ကြံ့ခိုင်ဖွံ့ဖြိုးသူများဖြစ်လာအောင် ပြုပြင်ပေးခြင်းပါ။ သို့မှသာ ကလေးများ၏ လူ့ဘောင်အသိုင်းအဝိုင်းကို ဖျက်ဆီးမည့် ဗီဇဆိုး၊ ဗီဇညံ့များ ပျောက်ကွယ်သွားပြီး လူ့အဖွဲ့အစည်းကောင်းကျိုးကို သယ်ပိုးနိုင်မည့် လူကောင်းလူတော်များဖြစ်လာကြမှာပါ။ ကလေးများသည် ပြည်ဖျက်ရန်၊ လူ့အဖွဲ့အစည်းပျက်သုဉ်းရန်ဟူ၍ မွေးဖွားလာသူများ မဟုတ်ကြပါ။ ဆရာကောင်း၊ ဆရာမြတ်နှင့် မတွေ့ခဲ့၊ သွန်သင်မှု၊ လေ့ကျင့်မှုမခံယူနိုင်ခဲ့၍သာ လူ့အဖွဲ့အစည်းကို ဖျက်ဆီးသူများဖြစ်သွားကြခြင်းပါ။ ဆရာကောင်းနှင့်တွေ့လျှင် တိုင်းပြု၊ ပြည်ပြုမည့် လူကောင်းလူတော်များဖြစ်ကြမှာပါ။ သူတို့ လူကောင်းလူတော်ဖြစ်ပါမှ နိုင်ငံ့ရှေ့ရေးသည်လည်း ထွန်းတောက်မည်ဖြစ်၍ အနာဂတ်လူ့အဖွဲ့အစည်း သို့မဟုတ် နိုင်ငံ့အနာဂတ်ကံကြမ္မာသည် ဆရာကောင်းများ၏ လက်ထဲတွင်သာရှိပါသည်ဟု ပညာရှင်အဆက်ဆက်က ဖွင့်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

ပညာစွမ်းအားဆိုသည်မှာ သင်ရိုးညွှန်းတမ်းစာအုပ်ထဲမှ ကျောင်းသင်ခန်းစာကို အခြေခံပြီး ပတ်ဝန်းကျင်ကို ကြည့်တတ်မြင်တတ်ကာ နောက်ဆုံး၌ လူ့အဖွဲ့အစည်းအကျိုးအတွက် ပြုပြင်အသုံးချနိုင်စွမ်းရှိအောင်နှင့် ကျောင်းစာသင်ခန်းနံရံကိုကျော်ပြီး ကမ္ဘာကြီး၏ ငြိမ်းချမ်းမှု၊ သာယာဖွံ့ဖြိုးမှု၊ တိုးတက်မှုများကိုမြင်အောင်၊ သိအောင်၊ နားလည်မှုရှိအောင်နှင့် လက်တွေ့ပါဝင်လုပ်ဆောင်နိုင်ခြင်းဖြစ်ပါသည်။ ထို့နောက် ယင်းအသိပညာစွမ်းအားကို မိမိနှင့် မိမိ၏လူ့အဖွဲ့အစည်းတိုးတက်ရေးတွင် အသုံးချနိုင်စွမ်းရှိရမည်။ သင်ခန်းစာဘောင်၊ စာသင်ခန်းနှင့် ကျောင်းပရဝဏ်ကိုကျော်ပြီး ကြည့်နိုင်စွမ်းအားများသည် အလေ့အကျင့်ကဲ့သို့ ထုံလာပါမှ အနာဂတ်ကို ခေါင်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကျောင်းဆရာဆိုသည်မှာ ခေါင်းဆောင်လောင်းများကို သမိုင်းအဆက်ဆက် အဆိုပါ ပညာစွမ်းအားပြည့်ဝအောင် လေ့ကျင့်ပေးခဲ့ကြသည့် **"ခေါင်းဆောင်များ၏ ဦးဆောင်လမ်းပြကြယ်တံခွန်များ"** ဖြစ်ပါသည်။ ဝမ်းစာရေးလောက်သာရည်မျှော်ပြီး လခစားသက်သက်လုပ်ကြသည့် လူများမဟုတ်ကြကြောင်း လူ့သမိုင်းအဆက်ဆက်နှင့် မြန်မာ့သမိုင်းက သက်သေထူနေခဲ့ပါသည်။

*စာမျက်နှာ ၁၇ သို့*

## ချင်းပြည်နယ်ဝန်ကြီးချုပ် အစိုးရစက်မှုလက်မှုကျောင်း စာကြည့်တိုက်အား လှည့်လည်ကြည့်ရှု



**ဟားခါး အောက်တိုဘာ ၃**

အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)၌ အောက်တိုဘာ ၂ ရက်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ နှစ်ပတ်လည်အခမ်းအနား ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မိုးဟိန်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဟိန်းထက်အောင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး) ကျောင်းအုပ်ကြီးနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်သည် ဒေသဖွံ့ဖြိုးတိုးတက်မှုအားအနည်းဆုံး ပြည်နယ်ဖြစ်ပြီး အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုအားနည်းမှုကို ကုစားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဖြစ်ကြောင်း ၊ ထိုသို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဟားခါးမြို့ရှိ အစိုးရစက်မှုလက်မှု သင်တန်းကျောင်းသည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် ကျောင်းအုပ်ကြီးအပါအဝင် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၏ လိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့မှ အနီးကပ် လက်တွဲညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် အောင်မြင်မှုလည်း ရရှိခဲ့ပါကြောင်း၊ အထူးသဖြင့် ဒီနှစ်မှ စတင်ဖွင့်လှစ်သည့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းကို ဟားခါးမြို့နှင့် ပလက်ဝမြို့များတွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ကြောင်း၊ ဒီထက်မက သင်တန်းများ ဖွင့်လှစ်နိုင်ရေးကိုလည်း ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး) ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်ခင်သူသူထွန်းမှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အကြောင်းကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဗီဒီယိုကလစ်ဖြင့် ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားပြီး အစိုးရ စက်မှုလက်မှုကျောင်း စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုသည်။

**ခရိုင် (ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေးမွမ်းမံ သင်တန်းဖွင့်

**ဒဂုံဆိပ်ကမ်း အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်း ဖွဲ့စည်းထားရှိသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အခြေခံ မီးသတ်ပညာသဘောကို သိရှိနားလည်တတ်မြောက်စေပြီး အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က အမှာစကားပြောကြားပြီး ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီထွန်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးသတ်ဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေး ပညာဘာသာရပ်များကို သဘောပေါက်စေရန်နှင့် မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ အသက် ၃၅ နှစ်အောက် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဖြင့် အောက်တိုဘာ ၂ ရက်မှ ၂၇ ရက်အထိ သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ရမည်းသင်း အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂ ရက်က ရမည်းသင်းမြို့နယ် ရွှေဒါးသာစည်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က သင်တန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြပါသည်။ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို အောက်တိုဘာ ၂ ရက်မှ ၃၁ ရက်အထိ သင်တန်းသား ၂၀ ဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးချိန်တွင် ထူးချွန်သောသင်တန်းသား သုံးဦးအား လုပ်ငန်းထူထောင်နိုင်ရန် ဆိုင်ကယ်လက်သုံးကိရိယာများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

*စာမျက်နှာ ၁၆ မှ*

ခေါင်းဆောင်များကို လေ့ကျင့်ပေးနိုင်သူ၊ ဦးဆောင်လမ်းပြသူသည် အမြင်ကျယ်ရပါသည်။ အမြော်အမြင်ကြီးမားရပါသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် လူ့ဘောင်အဖွဲ့အစည်းကို ကြိုတင်မြင်နိုင်စွမ်းရှိသော ပညာဉာဏ်နှင့်လည်း ပြည့်စုံရပါမည်။ ပြီးလျှင် အနာဂတ် လူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျရှိစေမည့် **“လူ့ကျင့်ဝတ်”**နှင့် **“ပညာစွမ်းအား”**ကို မျိုးဆက်သစ်များအား တပ်ဆင်ပေးနိုင်စွမ်းအားနှင့်လည်း ပြည့်စုံမှုရှိရပါမည်။

ပညာရေးကို ရှေ့တန်းမှ အကောင်အထည်ဖော်နေကြသည့် နိုင်ငံ့ဗိသုကာကျောင်းဆရာများသည် နိုင်ငံ့မျှော်မှန်းချက်၊ နိုင်ငံဖွံ့ဖြိုးရေး စသည့်နိုင်ငံ့အရေးအရာများကို နားလည်ပြီး ဘယ်လိုကောင်းအောင် တည်ဆောက်ကြမလဲဆိုသည့် အမြော်အမြင်ရှိကြသူများဖြစ်ရန်လိုပါသည်။ **“တိုင်းကျိုးပြည်ပြုနိုင်ငံရေးအမြင်** ” ဆိုသည်မှာ ကျောင်းဆရာများတွင် မရှိဘဲနှင့်တော့ **“ဆရာသည်သာ လူ့ဘောင်ဖွံ့ဖြိုးရေးမှာ အခရာ”** ဆိုသည့် အနာဂတ်၏ ဖန်တီးရှင်များ မွေးထုတ်နေသူများ မဖြစ်နိုင်ပါ။ အနာဂတ်၏ မျိုးဆက်သစ်များ **“တော်”**ဖို့ ယနေ့ ကျောင်းဆရာများလည်း ထက်နေ၊ မြက်နေရပါမည်။ **“လျှော်”** နေကြလို့ ဘယ်လိုမှမဖြစ်အပ်ပါ။

### နိုင်ငံရေးအမြင်ကျယ်ခဲ့ကြသည့် သမိုင်းထဲမှ မြန်မာ့ကျောင်းဆရာများ

မြန်မာ့သမိုင်းကိုကြည့်လျှင် ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်ပြီး **“အမျိုးသားပညာရေး”** ဆိုသည့် ကမ္ဘာ့ခေတ်သစ်ပညာရေးနှင့် မြန်မာ့ခေတ်ပြိုင် အမျိုးသားပညာရေး ပေါ်ပေါက်လာခဲ့ပါသည်။ ထိုမတိုင်မီက မိမိတို့ဆီတွင် **“ဘုန်းတော်ကြီးသင် ပညာရေး”** သာ ထွန်းကားနေသည်။ အမျိုးသားပညာရေး ဖော်ဆောင်ရာတွင် ခေတ်ပညာတတ်လူငယ် လူရွယ်များသည် အမျိုးသားကျောင်းဆရာ ဝင်လုပ်ကြပါသည်။ ပြီးလျှင် သူတို့ကိုယ်တိုင်လည်း လွတ်လပ်ရေးကြိုးပမ်းမှု၊ အမျိုးသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည့် လွတ်လပ်ရေးခေါင်းဆောင်များ ဖြစ်လာကြပါသည်။ အာဇာနည် ခေါင်းဆောင်ကြီးများထဲမှဆိုလျှင် သခင်မြ၊ ဦးဘဝင်း၊ ဦးရာဇတ်တို့သည် အမျိုးသားကျောင်းဆရာများ ဖြစ်ပါသည်။

သူတို့၏ထိပ်ဆုံးတွင် အမျိုးသားကောလိပ်ကျောင်းဆရာကြီး ဆရာလွန်း (ခေါ်) သခင်ကိုယ်တော်မှိုင်း ရှိပါသည်။ ဆရာလွန်းသည် **“သခင်”** အားလုံး၏ ဆရာသခင်ပါ။ တစ်ခေတ်မှာတစ်ယောက် ပေါ်ထွန်းခဲ့သူ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ဆောင်ရွက်ခဲ့သူ **“ဦးသန့်”** ဆိုလျှင်လည်း ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်းအုပ်ဆရာကြီးအဖြစ် ၁၂ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူပါ။ သူ့တပည့်များကို နိုင်ငံရေး၊ လွတ်လပ်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ် ဖွင့်ပေးမြှင့်တင်ပေးခဲ့သလို သူကိုယ်တိုင်လည်း နိုင်ငံရေးအမြင်ကျယ်အောင် ဆက်လက်ဖြည့်ဆည်းခဲ့သောကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ တည်ဆောက်နိုင်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် တတိယကမ္ဘာစစ်ဖြစ်မည့် အခြေအနေကို တားဆီးနိုင်ခဲ့သော မြန်မာ့သားကောင်းကျောင်းဆရာကြီး ဖြစ်ပါသည်။

လွတ်လပ်ရေးခေါင်းဆောင် တစ်ဦးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း ဦးနုသည်လည်း အမျိုးသားကျောင်းဆရာပါ။ ဗိုလ်ချုပ်ကျဆုံးပြီးနောက် **“နု-အက်တလီ”** စာချုပ်ချုပ်ဆိုပြီး လွတ်လပ်ရေးကို အပြီးတိုင်ရရှိအောင် ဆက်လက်ကြိုးပမ်းခဲ့သည့် ထိပ်တန်းလွတ်လပ်ရေး ခေါင်းဆောင်တစ်ဦးပါ။ ထို့အတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးလို နာမည်ကြီး ကမ္ဘာ့အဖွဲ့အစည်းတစ်ခုဖြစ်သည့် **“ဘက်မလိုက်နိုင်ငံများအဖွဲ့”** ကိုလည်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ် **“နေရူး”**၊ ယူဂိုဆလပ်ပြည်ထောင်စုသမ္မတ မာရှယ် **“တီးတိုး”**တို့နှင့်အတူ ဦးဆောင်ဖွဲ့စည်းခဲ့သည့် ကျောင်းဆရာဟောင်းတစ်ဦးဖြစ်ပါသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်ဆိုလျှင် မန္တလေးအမျိုးသားကျောင်းအုပ်ကြီးဘဝမှ ပညာရေးဝန်ကြီးအထိ တာဝန်ယူခဲ့သူပါ။ ထို့အတူ သခင်မြနှင့် ဦးဘဝင်းတို့သည်လည်း အမျိုးသားကျောင်းဆရာကြီးများဖြစ်ပါသည်။ ထိုခေတ်က အမျိုးသားကျောင်းဆရာများသည် နိုင်ငံရေးအမြင်ကျယ်ခဲ့ပြီး ခေတ်ကိုကြိုမြင်ကာ လွတ်လပ်သည့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရန်အတွက် သူတို့တပည့်များကို **“အမျိုးသားရေးစိတ်ဓာတ်”**၊ သူ့ကျွန်ဘဝမှ ရုန်းထွက်မည့် **“လွတ်လပ်ရေးစိတ်ဓာတ်”** သန္ဓေမျိုးစေ့ကို တပည့်များဆီထည့်ပေး လေ့ကျင့်ပေးခဲ့ပါသည်။

ထိုသန္ဓေမျိုးစေ့များအနက် အအောင်မြင်ဆုံး ပေါက်ဖွားလာသောတပည့်မှာ ရေနံချောင်းမြို့ အမျိုးသားကျောင်းထွက် မောင်အောင်ဆန်းဖြစ်ပါသည်။ သူ့လို ထိပ်ဆုံးဘဝမရောက်ခဲ့သော်လည်း ဒုတိယတန်း၊ အလယ်အလတ်အဆင့်ရှိသူ ခေါင်းဆောင်များလည်း ဒုနှင့်ဒေးပါ။ အမျိုးသားကျောင်းဆရာများ၏ လွတ်လပ်သောပြည်ထောင်စုနိုင်ငံတော် ပေါ်ထွန်းရေးဆိုသည့် နိုင်ငံရေးအမြင်ကျယ်မှုဖြင့် လေ့ကျင့်သင်ကြားပေးရာမှ ပေါက်ဖွားလာသော **“လွတ်လပ်ရေးခေါင်းဆောင်”** မျိုးဆက်များဖြစ်ပါသည်။

ကျောင်းဆရာများကလည်း နိုင်ငံရေးအမြင်ကျယ်၊ သူတို့မွေးဖွားပေးလိုက်သော တပည့်ကလည်း အမျိုးကိုမြှင့်လိုသည့် တိုင်းကျိုးပြည်ပြုနိုင်ငံရေးစိတ်ဓာတ်ပြည့်ဝကြကာ ဆရာတပည့် လက်တွဲညီညီ ဆောင်ရွက်လိုက်သည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ်ကံကြမ္မာကို ပြောင်းလဲစေခဲ့ပါသည်။ မြန်မာ့မြေပေါ်မှ ကိုလိုနီဝါဒထွက်ပြေးခဲ့ပါသည်။ မြန်မာများ ကျွန်ဘဝမှ လွတ်လပ်သော သခင်ဘဝကို ပြန်ရခဲ့ပါသည်။ အမျိုးသားကျောင်းဆရာများ၏ နိုင်ငံရေးအမြင်ကျယ်မှု မြေဆီဩဇာဖြင့် စိုက်ပျိုးခဲ့သောလွတ်လပ်ရေးအပင်၏ အသီးအပွင့်ကို ခံစားနေရခြင်းသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှသည် ယနေ့အထိပင်ဖြစ်ပါသည်။

အမေရိကန်သမ္မတ **“အိုဘားမား”**သည် ချီကာဂိုတက္ကသိုလ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပါမောက္ခဖြစ်ပါသည်။ သူပြောတာ တစ်ခုရှိပါသည်။ **“ယနေ့လူငယ်တွေရဲ့ ဖွံ့ဖြိုးတဲ့အနာဂတ်ကို ပိုင်ဆိုင်တာမြင်ချင်ရင် သင်လည်းပါဝင်ပြီး ကျောင်းဆရာလုပ်ပါ”**ဟူ၍ ဖြစ်ပါသည်။

စာရေးသူတို့၏ ယနေ့မြန်မာနိုင်ငံအခြေအနေအရ **“အနာဂတ်မြန်မာတွေဖွံ့ဖြိုးဖို့ ကျောင်းဆရာဝင်လုပ်ကြစို့”**ဟုသာ မြန်မာလူငယ်များကို တိုက်တွန်းချင်ပါသည်။ သူကိုယ်တိုင်လည်း သမ္မတသက်တမ်းပြီးလျှင် ကျောင်းဆရာပြန်လုပ်မည်တဲ့။ လူငယ်များ၏ အနာဂတ်ဖွံ့ဖြိုးရန်ဆိုထားသည် ဖြစ်၍ ကျောင်းဆရာသည် အနာဂတ်လူ့ဘောင်ကို ကြိုမြင်နိုင်စွမ်းရှိသော အမြော်အမြင်ကြီးမားသည့် အရည်အသွေးကို ပိုင်ဆိုင်သူဖြစ်ရပါမည်။ သို့မှသာ မိမိတို့လည်း ဖွံ့ဖြိုးမှု၊ လွတ်လပ်မှု၊ တန်းတူအခွင့်အရေးရှိမှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုများ ပြည့်လျှမ်းသည့် ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားရာ မြန်မာ့လူ့အဖွဲ့အစည်းဆီ အားသွန်ခွန်စိုက်ချီတက်နိုင်မည် ဖြစ်ပါသည်။

ယခုအချိန်တွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို လေ့ကျင့်ပေးနေသည့် ကျောင်းဆရာများသည် အောင်ချက်နှင့် စာမေးပွဲရမှတ်ပြိုင်သည့်အဆင့်သာ လေ့ကျင့်ပေးနေသော၊ စာလောက်သာ သင်ကြားပေးနေသောအဆင့်မှာတင် ကျေနပ်နေမည်ဆိုလျှင် **“နိုင်ငံနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုတံခါးကို ကျောခိုင်းလိုက်တာ”**ဟုမြင်မိပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/48554 Suzuki Smash 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းထွန်း ၁၄/ဟသတ(နိုင်) ၂၄၉၇၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ဟသ်ာတ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ် ၃၁-က၊ ဦးပိုင်အမှတ်(၁) ခဲစင်းမြောက်ဘက်ခြမ်း/ ၇၆ စည်သာလမ်းနှင့် ၃လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘိုထွေး ၉/မနမ(နိုင်) ၀၂၂၇၉၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၆၄/၂၀၂၃ ဖြင့် လွှဲအပ်ခြင်းခံရသူဦးကျော်ထွေး ၉/မရမ(နိုင်)၀၀၄၀၀၉ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၁၅၊ ဦးပိုင်အမှတ် (၁၀၅-စ)/ ၂၁x၂၂ကြား၊ ၈၆x၈၇ လမ်းကြားရှိ ဘိုးဘပိုင်မြေကွက် အမည်ပေါက်သူ ဒေါ်ချိုချိုဝင်း ၉/မနတ(နိုင်)၀၆၆၆၇၂က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ဆည်မြို့၊ တံစိုးဂိတ်အုပ်စု၊ အေးမြကြည်လင်ရပ်ကွက်နေ ဦးလှတင် ၉/ကဆန(နိုင်) ၀၅၆၂၀၇- ဒေါ်တင်မာ ၉/ကဆန(နိုင်)၁၄၂၈၅၂ တို့၏သား မောင်မင်းမင်းကို ၉/ကဆန(နိုင်)၁၅၉၈၉၈ သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှတင်-ဒေါ်တင်မာ**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## ပခုက္ကူခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမထွေထွေမှုအမှတ်-၂

၁။ ဦးနိုင်ဝင်းစိုး နှင့် ၁။ ဒေါ်သင်းသင်းကြည်
၂။ ဒေါ်ချိုချိုဦး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်သက်)
၃။ ဒေါ်မာမာဦး ၂။ မောင်စည်သူ
၃။ မောင်ခိုင်လင်းသူ

လျှောက်ထားသူများ လျှောက်ထားခံရသူများ

အထက်ပါအမှုမှ ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ အဏ္ဏဝါလမ်းနေ လျှောက်ထားခံရသူ အမှတ်(၂) မောင်စည်သူနှင့် လျှောက်ထားခံရသူအမှတ်(၃) မောင်ခိုင်လင်းသူ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ လျှောက်ထားသူ ဦးနိုင်ဝင်းစိုးပါ-၃ ဦးတို့က တရားကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၅၈ အရ ဝရမ်းခွာပေးစေလိုမှု လျှောက်ထားချက်ရှိသည် ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၉ရက်(၁၃၈၅ခုနှစ်၊သီတင်းကျွတ်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာ ရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ် တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်တင်သန်း)**
**ခရိုင်တရားသူကြီး**
**ပခုက္ကူခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၂

ဒေါ်စပ်သီးမား နှင့် ဦးမျိုးကိုကို
တရားလို တရားပြိုင်

အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ တိုးချဲ့(၄)နေ ဦးမျိုးကိုကို (ဘ) ဦးသိန်းမောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံကြည်မှုဖြင့် ထုတ်ပေးခဲ့သော ငွေကျပ်သိန်း (၆၀၀)တိတိ ပြန်လည် ရလို ကြောင်း နှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၈ရက် (၁၃၈၅ခုနှစ် သီတင်းကျွတ်လဆန်း ၄ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။

**(စောဝီလီ)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## အသိပေးကြေညာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ စွမ်စော်ရပ်ကွက်၊ အကွက်အမှတ် ၆၅/စွမ်စော်မြောက်ရပ်၊ ဦးပိုင်အမှတ် ၉၀၊ မြေဧရိယာ ၀ဒသမ ၆၉၈ ဧကရှိ မြေနေရာအား ဦးကျော်သိန်း ၁၃/ နခန(နိုင်)၀၃၈၅၂၆ မှ ဦးအောင်သူရ အမည်ဖြင့် မြေငှားဂရန် အမှုတွဲ အမှတ် ၅၁၂-၅/၁၉၉၇-၉၈ဖြင့် ၁၃-၁၁-၁၉၉၇ ရက်မှ ၁၂-၁၁-၂၀၂၇ ရက်အထိ နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးထားရှိ ပြီး ဦးအောင်သူရထံမှ ၁၉-၃-၂၀၀၂ ရက်တွင် စာချုပ် စာတမ်းမှတ်ပုံတင်၍ ဒေါ်ယန်ဆိုင်းဖျင့်မှ အိမ်ဝိုင်းမြေလွှဲပြောင်း ရောင်းချခြင်း စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ဒေါ်ယန်ဆိုင်းဖျင့်ထံမှ ၂၂-၃-၂၀၀၅ ရက်တွင် ဦးကျော်သိန်းက စာချုပ်စာတမ်း မှတ်ပုံတင်ဖြင့် ထပ်မံဝယ်ယူခဲ့ပြီးဖြစ်သဖြင့် အမည်ပြောင်း မြေငှားဂရန် တင်ပြ လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်ခရိုင်၊စွမ်စော်ရပ်ကွက်၊ အကွက်အမှတ် (၆၅/စွမ်စော်မြောက်ရပ်)၊ ဦးပိုင်အမှတ် ၉၀၊ မြေဧရိယာ ၀ဒသမ ၆၉၈ ဧကရှိ မြေနေရာအား ဦးကျော်သိန်း ၁၂/နခန(နိုင်)၀၃၈၅၂၆ မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထား များယူဆောင်၍မူဆယ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့**
**ဖုန်း-၀၈၂-၅၀၆၉၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၁(ကြံခိုင်ရေး)၊ ဦးပိုင်အမှတ် ၂၈(ခဲစင်း)၊ ၃၅x၃၆လမ်းကြား၊ ၆၉xရေနီမြောင်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်မြင့် ၉/မရမ(နိုင်)၀၁၅၅၅၃က အမှုတွဲအမှတ် ၄၅၅၁/၂၀၂၃-၂၀၂၄ ဖြင့်သက်တမ်းတိုး/ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊တရားမကြီးမှုအမှတ် - ၉၉

ဦးဂျင်မီလင်း နှင့် ဦးမြ
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၇လမ်း၊(၃၂x၃၃)ကြား၊ ကဥ္စနမဟီရပ်ကွက်၊ အကွက် ၆၂၇နေ ဦးမြ (ယခုနေရပ်လိပ်စာမသိရှိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဂျင်မီလင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်(၁၃၈၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေဆွေအေး)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊တရားမကြီးမှုအမှတ် - ၁၀၀

ဦးဂျင်မီလင်း နှင့် ဒေါ်ရီရီသန်း
တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၇လမ်း၊(၃၂x၃၃)ကြား၊ ကဥ္စနမဟီရပ်ကွက်၊ အကွက် ၆၂၇နေ ဒေါ်ရီရီသန်း (ယခုနေရပ်လိပ်စာမသိရှိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဂျင်မီလင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ရက် (၁၃၈၅ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေ လွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွေဆွေအေး)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ပြောင်းလဲခေါ်ဆိုရန်

မိုးညှင်းမြို့၊ L.Y.C MOHNYIN ကိုယ်ပိုင်အထက်တန်းကျောင်း Grade-3 မှ (ဘ) ဦးနော်ဆိုင်း၏သမီး မဂျာနူးရိန် အား မသံဇဉ်ထက် ဟု ပြောင်းလဲခေါ်ဆိုရန်။

## ပြောင်းလဲခေါ်ဆိုရန်

မိုးညှင်းမြို့၊ L.Y.C MOHNYIN ကိုယ်ပိုင်အထက်တန်းကျောင်း Grade-7 မှ (ဘ) ဦးနော်ဆိုင်း၏သား မောင်ဆွတ်ရိန်အောင်အား မောင်ကောင်းစည်သူ ဟု ပြောင်းလဲခေါ်ဆိုရန်။

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်နေ ဦးအောင်မျိုးသွယ် ၅/မလန(နိုင်)၀၂၅၃၅၇ ၏ သမီး မလင်းထက်သူ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၀-၂၀၀၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁) G-10 မှ မသီရိဟန်၏ဖခင်အမည်မှန်မှာ ဦးကျော်နန္ဒာမင်း ၇/လပတ(နိုင်) ၁၆၂၉၂၂ ဖြစ်ပါကြောင်း။

**ဦးကျော်နန္ဒာမင်း**

# သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၄)၊ မေတ္တာလမ်း၊ အမှတ်(၄)နေ ဒေါ်နန်းယိင်းနွံ ၁၃/လရန(နိုင်) ၀၀၁၄၅၀ ၏ လွှဲအပ်ညွှန်ကြားမှုအရ သက်ဆိုင်သူများနှင့် အများသိရှိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ ဦးမျိုးမင်းဇော် (ခ) ဦးစိုင်းဘိုဘို ၁၃/လရန(နိုင်) ၀၈၂၈၇၀နှင့် ဇနီးဖြစ်သူ ဒေါ်နန်းယိင်းနွံသည် အောက်ဖော်ပြပါ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ(၆) ခုကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တရားဝင်မှတ်ပုံတင်၍ အတူတကွတည်ထောင်ခဲ့ကြပြီး လင်မယားနှစ်ဦးလုံးမှ ဦးဆောင်ကာ လုပ်ကိုင်ခဲ့ကြပါသည်။

ထိုကုမ္ပဏီများမှာ-

(၁) မြန်မာရတနာရွှေခေတ်ကုမ္ပဏီလီမိတက်(Myanmar Yadanar Shwe Khit Company Limited ကုမ္ပဏီမှတ်ပုံတင်လက်မှတ် No.107381465/2010)
(၂) မောရွှေပြည်ကုမ္ပဏီလီမိတက်(Moh Shwe Pyi Company Limited ကုမ္ပဏီမှတ်ပုံတင်လက်မှတ် No.107341722/2013)
(၃) ကင်း(င်)ဘရားသားကုမ္ပဏီလီမိတက် (King Brothers Company Limited ကုမ္ပဏီမှတ်ပုံတင်လက်မှတ် No.107456872/2014)
(၄) ဟဲဗန်းဟေးလ်ကုမ္ပဏီ လီမိတက် (Heaven Hill Company Limited ကုမ္ပဏီမှတ်ပုံတင်လက်မှတ် No. 102799933/2018)
(၅) ရှမ်းကွင်းကုမ္ပဏီလီမိတက်(Shan Queen Company Limited ကုမ္ပဏီမှတ်ပုံတင်လက်မှတ် No. 102941179/2018)
(၆) ကောင်းကင်အောင်နိုင်သူ (Sky Conqueror Company Limited ကုမ္ပဏီမှတ်ပုံတင်လက်မှတ် No. 128290206/2020) ဖြစ်ကြပြီး ယခုအချိန်အထိ တရား ဝင်မှတ်ပုံတင်ထားလျက် ရှိနေသကဲ့သို့ သက်ဆိုင်ရာလုပ်ငန်းများကို လည်ပတ်အောင်မြင်အောင် ကြိုးစားလုပ်ကိုင်လျက်ရှိပါသည်။

၂။ မြန်မာ့ရတနာရွှေခေတ်ကုမ္ပဏီ လီမိတက်သည် အဓိကအားဖြင့် လုပ်ငန်းများအား ဦးစီးဦးဆောင်ပြုလျက် ရှိသည့် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီဖြစ်၍ ကျန်ကုမ္ပဏီ (၅)ခုမှာ လက်အောက်ခံကုမ္ပဏီများဖြစ်ကြပြီး ဒေါ်နန်းယိင်းနွံ၏ ခင်ပွန်းဖြစ်သူ ဦးမျိုးမင်းဇော်(ခ)ဦးစိုင်းဘိုဘိုသည် (၁၂-၄-၂၀၂၃)ရက်၌ ကွယ်လွန်သွားပြီးနောက် အထက်ပါ ကုမ္ပဏီအသီးသီး၏ ပိုင်ရှင်အဖြစ်လည်းကောင်း၊ အုပ်ချုပ်မှုဒါရိုက်တာ(Managing Director)အဖြစ်လည်းကောင်း ဒေါ်နန်းယိင်းနွံတစ်ဦးတည်းကသာ ကုမ္ပဏီများနှင့် သက်ဆိုင်သမျှ လုပ်ငန်းအရပ်ရပ်ကို အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်စေရန် ဦးဆောင်ကာ ယခုအချိန်ကာလအထိ ဆက်လက်တာဝန်ယူဆောင်ရွက်နေလျက်ရှိပါသည်။

၃။ အထက်ပါ ကုမ္ပဏီများနှင့်ပတ်သက်သောကိစ္စအဝဝကို ဒေါ်နန်းယိင်းနွံကိုယ်တိုင် သိရှိသဘောတူညီမှုနှင့် ခွင့်ပြုချက်မရှိဘဲ အထက်ပါကုမ္ပဏီများ၏ ပိုင်ဆိုင်မှု၊ အမည်၊ အမှတ်တံဆိပ်၊ တံဆိပ်တုံး၊ ထိုးမြဲလက်မှတ် စသည်တို့ကိုလည်းကောင်း၊ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့်တကွ ငွေရေးကြေးရေးကိစ္စအရပ်ရပ်ကိုလည်းကောင်း၊ ကုမ္ပဏီများက သက်ဆိုင်ရာလုပ်ငန်း လည်ပတ်အောင် အကောင်အထည်ဖော်ဆောင်နေသည့် ကိစ္စအရပ်ရပ်ကို လည်းကောင်း ဒေါ်နန်းယိင်းနွံ၏ ခွင့်ပြုချက်နှင့် အတည်ပြု လက်မှတ်ရေးထိုးမှုမရှိဘဲ မည်သူကမျှ မပြုလုပ်ကြရန် သတိပေး ကြေညာအပ်ပါသည်။

၄။ အထက်ပါ ကုမ္ပဏီများ၏ ပိုင်ရှင်ဖြစ်သူ ဒေါ်နန်းယိင်းနွံနှင့် ကုမ္ပဏီများ၏ အမည်၊ ဂုဏ်သိက္ခာ ကောင်းသတင်းနှင့် လုပ်ငန်းစီးပွားများ ထိခိုက်ကျဆင်းစေခြင်း၊ နစ်နာစေခြင်း၊ ဆုံးရှုံးစေခြင်းဖြစ်စေရန် ရည်ရွယ်လျက် မရိုးဖြောင့်သောသဘောဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ မမှန်မကန် ဖန်တီး၍ ပြောဆိုရေးသားပြုလုပ်ခြင်းအပါအဝင် ကုမ္ပဏီနှင့် သက်ဆိုင်သောလုပ်ငန်းကိစ္စအဝဝကို အသရေဖျက်ခြင်း၊ အကျိုးစီးပွား လျော့ကျစေခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ အကျိုးပျက်စီးစေခြင်း၊ အလွဲ သုံးစားပြုခြင်း၊ လိမ်လည်ခြင်း စသည်တို့နှင့်တကွ ထိုသို့ဖြစ်စေရန် မမှန်မကန်ပြောဆို ရေးသားပြုလုပ်သည့် အပြုအမူနှင့် လုပ်ရန်မှန်သမျှအားလုံးအား လုံးဝ မပြုလုပ် ကြရန် အထူးသတိ ပေးတားမြစ်၍ ကြေညာလိုက်ပြီးနောက် ထိုကဲ့သို့ ပြောဆိုပြုမူဆောင်ရွက်၍ ကုမ္ပဏီများ၏အကျိုးစီးပွားနှင့် အခွင့်အရေးများထိခိုက် နစ်နာဆုံးရှုံး မှု၊ ဂုဏ်သိက္ခာကျဆင်းမှုများအပါအဝင် ဒေါ်နန်းယိင်းနွံ၏ ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲမှု၊ လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုစသော အကျိုးသက်ရောက်မှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ထိုပြုလုပ်ကျူးလွန်သူများအား တရား မကြောင်းအရ လည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်တကွ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းယိင်းနွံ ၁၃/လရန(နိုင်) ၀၀၁၄၅၀၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မာမာဇော် (LL.B,LL.M)** | **ဒေါ်မင်းမင်းအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၂၆/၂၀၁၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၇၉/၂၀၂၁)** |
| **အမှတ်(၄/၅၂)၊ လွယ်ခမ်းလမ်း၊** | **အမှတ်(၁၀/၁၆၇)၊ ဆုပြည့်စုံဆေးရုံလမ်းကြား၊** |
| **ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့** | **ဆန်ဆိုင်း(ခ)ရပ်ကွက်၊ တာချီလိတ်မြို့** |

## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပုဂ္ဂလိကကဏ္ဍဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြင်ပလူနာကုသမှု(OPD CARE)အတွက် အောက်ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်များတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် Provider Purchaser Split စနစ်ဖြင့် ပူးပေါင်းဆောင် ရွက်သွားမည်ဖြစ်ပါ၍ ပူးပေါင်းဆောင်ရွက်လိုသော ဆေးရုံ၊ ဆေးခန်းများသည် ဖော်ပြပါလိပ်စာများအတိုင်း ဆက်သွယ် လျှောက်ထားနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

အသေးစိတ်သိရှိလိုပါက - လူမှုဖူလုံရေးရုံးချုပ်၊ အကွက်အမှတ်-ဋ/၇၇၊ ရွှေတောင်သီရိလမ်းနှင့် နေကြာ(၈)လမ်းထောင့်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း - ဝ၆၇-၃၄၁၇၉၁၆၊ ဝ၆၇-၃၄၁၇၉၃၈

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | လျှောက်ထားရမည့်ရုံးများ |
|---|---|---|---|
| ၁။ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံ | မြို့နယ်လူမှုဖူလုံရေးရုံး (မြင်းခြံ) |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ဒိုက်ဦး | မြို့နယ်လူမှုဖူလုံရေးရုံး (ဒိုက်ဦး) |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ကောလင်း၊ကသာ စစ်ကိုင်း၊ကလေး ဆားလင်းကြီး | စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးနှင့် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဝါးခယ်မ၊ မြန်အောင် ပုသိမ်ထုံးဘို၊ ဘိုကလေး၊ ဟင်္သာတ၊ ကြံခင်း မြောင်းမြ၊ မော်လမြိုင်ကျွန်း | ဧရာဝတီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးနှင့် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများ |
| ၅။ | ကယားပြည်နယ် | လွိုင်ကော် | မြို့နယ်လူမှုဖူလုံရေးရုံး (လွိုင်ကော်) |

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ငဖဲမြို့နယ်၊ ပဒါန်း အထက Grade-9 မှ မဖြူဖြူအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်လှ ၈/မလန(နိုင်) ဝ၃၂၄၅၇ ဖြစ်ပါကြောင်း။

**ဦးအောင်လှ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက(ခွဲ) ကန်ပြည့်ကျောင်း Grade-11မှ မခိုင်သဇင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဦး ၈/ပဖန(နိုင်)၁၄၈ဝ၄၂ ဖြစ်ပါကြောင်း။

**ဦးထွန်းဦး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်းအမှတ်/အမည်(၁၈/ကျောက်တောင်)၊ ဦးပိုင်အမှတ်(၃၅/၁၆-ဃ)၊ မြေရိယာ(ဝ ဒသမ ၁၆ဝ)ဧကရှိ မြေကို ဒေါ်သီတာစိုး ၇/ပမန(နိုင်) ဝဝ၆၃၈၅ အမည်ဖြင့် ဂရန်သစ်ပြုလုပ်ရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ စွယ်တော်ရပ်ကွက်ရှိ စွယ်တော်စီးတီးအိမ်ရာ၊ အဆောက်အအုံအမှတ်-ဘီ၊ (၈-လွှာ)၊ အခန်းအမှတ်(၈ဝ၄) ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကလျာညွန့် ၁၂/ပဇတ(နိုင်)ဝ၂၂၅၄၁ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးမောင်မောင်နစ် ၁၂/အစန(နိုင်)၁ဝ၄၅၇၃၊ ဒေါ်အေးသက်မွန် ၁၂/ ဗတထ(နိုင်)ဝဝ၁၆၄၅ တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)
**ဒေါ်ခင်စောသိန်း(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂ဝ၆)

**တိုက်(၁ဝ/၁၂)၊ပထမထပ်၊ အခန်း(၁ဝ၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-ဝ၉-၇၃ဝ၂၆၁၉၉၊ ဝ၉-၄၄၃ဝ၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ ပညာရေး(၂)လမ်း၊ မြေကွက်အမှတ် (၄၅ဝ)ဟု ခေါ်တွင်သော ပေ (၄ဝ x ၆ဝ) မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့ပြမြေစာရင်းတွင် မြေချပါမစ် ဒေါ်သန်းသန်းညွန့် အမည်ပေါက်လျက်ရှိပြီး အဆိုပါမြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ပေ (၂ဝ x ၆ဝ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်ကို ပါမစ်အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးညီညီနိုင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်သန္တာနိုင်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဇင်ဝင်းထိုက် (LL.B)** စဉ်-၁၂၂၄(၁၄-၃-၂ဝ၁၇) (တရားလွှတ်တော်ရှေ့နေ)
**ဦးအောင်ထင်ကျော် (LL.B)** စဉ်-၅၃၈၆၅(၂၈-၁ဝ-၂ဝ၂၁) (အထက်တန်းရှေ့နေ)

**ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးရှေ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-ဝ၉-၇၇၂၄ဝ၂၁၈၈**

## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပုဂ္ဂလိကကဏ္ဍဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အာမခံအလုပ်သမားများ၏ ကျန်းမာရေးဝန်ဆောင်မှုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ကျန်းမာရေးဝန်ဆောင်မှုရယူရန် ခက်ခဲသည့်နေရာဒေသများ၊ ဝန်ဆောင်မှုလိုအပ်ချက်ရှိသည့် နေရာဒေသများနှင့် အလုပ်ဌာနများအရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ရွေ့လျားဆေးကုသယာဉ် Mobile Medical Unit အသုံးပြုကာ Provider Purchaser Split စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လူမှုဖူလုံရေးအဖွဲ့မှ ရေးဆွဲပေးသောခရီးစဉ်အား လူမှုဖူလုံရေးအဖွဲ့၏ သတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်သည့် ဆေးကုသခွင့်လိုင်စင်၊ ဓာတ်ခွဲခန်းလိုင်စင်ရှိသော လုပ်ငန်းအတွေ့အကြုံရှိသည့် ပုဂ္ဂလိကဆေးကုသမှုဝန်ဆောင်မှုပေးသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ** - လူမှုဖူလုံရေးရုံးချုပ်၊ အကွက်အမှတ်-ဋ/၇၇၊ ရွှေတောင်သီရိလမ်းနှင့် နေကြာ(၈)လမ်းထောင့်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
**ဖုန်း** - ဝ၆၇-၃၄၁၇၉၁၆၊ ဝ၆၇-၃၄၁၇၉၃၈

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ဇေယျာဝတီရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(ခ/၄၂၁)၊ ရေိယာ ဝ ဒသမ ဝ၄၈ ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးအရှိန် အမည်ပေါက် အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား ၂-၈-၂ဝ၂၃ ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၄၂/၂ဝ၂၃) အရ ဒေါ်တီတီမှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုပါရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃ဝ)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး၊**
**အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(၃၇)၊ ရေိယာ ဝ ဒသမဝ ၇၁ ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးစံထွေး၊ ဒေါ်သန်းသန်းငွေးတို့ အမည်ပေါက် အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား ၁၆-၈-၂ဝ၂၃ ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွတ်ဟကြေညာစာချုပ်အမှတ်(၅ဝ/၂ဝ၂၃)အရ ပူးတွဲအမည်ပေါက် သမီးအရင်းဖြစ်သူ ဒေါ်သန်းသန်းငွေးမှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုပါရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃ဝ)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး၊**
**အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၄/တရော်ကုန်း)၊ ဦးပိုင်အမှတ်(၈၉)၊ ရေိယာ (ဝ.ဝ၅၂) ဧကရှိ ဘိုးဘပိုင်မြေသည် အောင်လံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးကံရှိန်၊ဒေါ်တင်တင် အမည်ပေါက် အိမ်မြေကွက်ဖြစ်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား(၁၁-၈-၂ဝ၂၃)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၄၈/၂ဝ၂၃)အရ ဦးကံရှိန်မှ ၎င်းအမည်သို့ အမည် ပြောင်းလဲ ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့် ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှ(၃ဝ)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး၊**
**အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/9905 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ရွှေအဥ္ဇလီကွန်ဒို (၂)၊ လယ်ယာရွှေမြေလမ်းနှင့် အနန္တဂုဏ်ရည်လမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ်(၁၈/၁၉)၊ Basement+ ကားပါကင်ပြုလုပ်ထားသော RC (၈)ထပ်အဆောက်အအုံ၏ အခန်း အမှတ် (7-C)၊ (၈-လွှာ)၊ ရွှေအဥ္ဇလီကွန်ဒို (၂)၊ ဧရိယာ (၂ဝ၁ဝ) စတုရန်းပေရှိ ကွန်ဒိုနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ခင်အေးချို ၁၂/မဂတ(နိုင်)ဝ၆၅၄၆၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမိုးမြင့်ထွန်း ၁၃/တကန (နိုင်) ၁၅၁၁၉၆၊ ဒေါ်ကြည်ဇာလွင် ၁/ရကန(နိုင်)ဝ၃၁၁၇၃ တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမိုးမြင့်ထွန်း၊ ဒေါ်ကြည်ဇာလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-ဝ၉-၄၂၁၁၅၇၈၅၆၊ ဝ၉-၇၉၈၄၅၈၆၂၇**

(၅၆) ကြိမ်မြောက် ၁,ဝဝဝ ကျပ်တန် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီကို (၁.၁ဝ.၂ဝ၂၃) ရက်နေ့မှ စတင်ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့်ပေးသွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများ အနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင်တော့မည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။
နိုဝင်ဘာလ (၁)ရက်နေ့ ထီဖွင့်မည်။
aungbarlay.ird.gov.mm
App Store Google Play

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေရိယာ ဝ ဒသမ ၁၁ဝ ဧကရှိ ဒေါ်ခင်ခင်ဝင်း ၁၂/လကန(နိုင်)ဝ၃ဝ၂၃၁ (ဘ)ဦးသိန်းဟန် အမည်ပေါက် နှစ်(၃ဝ) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၂၉၃)ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅ဝ၁၅/၂ဝ၂၂(၂၄-၈-၂ဝ၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူဦးကြည်လင်း ၇/ရတရ(နိုင်) ဝ၅၁၃၃၇(ဘ)ဦးအောင်ဖေမှ ဦးမြင့်လွင် ၉/ပဘန(နိုင်)ဝ၃ဝ၆၆၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေရိယာ (ဝဒသမ ၁၁ဝ)ဧကရှိ ဦးခင်သောင်း ၉/လဝန(နိုင်)ဝဝ၅၂ဝ၃ (ဘ) ဦးသောင်းတင် အမည်ပေါက် နှစ်(၃ဝ) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၄၆၄)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၇၃/၂ဝ၂၃ (၃၁-၇-၂ဝ၂၃) ဖြင့် မြေကွက်အမည်ပေါက် ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အိအိဝင်း ၇/ဒဥန(နိုင်)၁၆၈၉၉၇ (ဘ) ဦးသိန်းရွှေမှ ဦးတင်ငွေး ၉/ပဘန(နိုင်)ဝ၃၁၁၆၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရိယာ ဝ.ဝ၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၄၄၃၂) ၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဇော်ဝင်း ၉/ပမန(နိုင်)၂၂၇၃၃ဝ (ဘ)ဦးလှအောင်မှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက်(၃ဝ)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-F)၊ အကွက်အမည် (ဠင်းဒသိုက်ရပ်)၊ ဦးပိုင်အမှတ် (၄ဝ^c)၊ ရေိယာ ဝ.ဝ၄၁ ဧကရှိ ဘိုးဘပိုင်မြေကွက်အား ဦးစိန်မြင့်-ဒေါ်သန်းရီအမည်မှ ဦးမင်းသက်နောင်အမည်သို့ ဘိုးဘပိုင် အမည်ပြောင်းလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကြေညာစာပါသည့်ရက်မှ(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းသက်နောင် ၇/ပခန(နိုင်)၂ဝ၉ဝ၁၈**
**တိုက် (၁၆)၊ အခန်း (၃၃)၊ ရှင်စောပုအိမ်ရာ၊ ပဲခူးမြို့**

## ဖခင်အမည်မှန်

ရွှေကျင်မြို့၊ အထက (ဒုံဇရစ်)၊ Grade-6 မှ မောင်ဇင်လင်းမောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းသိုက် ၇/ရကန(နိုင်)ဝ၅၉၄၅၅ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းသိုက်**

